# မြသန်းတင့်



-- ဝတ္ထုတိုပေါင်းချုပ် --

# မောင်

မောင်သည် ပါးစပ်မှာ နှုတ်ခမ်းတစ်ဖက်ကို တွန့်လာသည် ထိ မှီ့ကို ပြုံး၍ ကြည့်လေသည် ။ သို့သော် မောင်၏ နှုတ်ခမ်းမှာ အပြုံးပွင့် လာသည် အထိ တွန့်၍ မလာ အပြုံးတစ်ဝက် အမဲ့တစ်ဝက်သာ ပေါ်လာရင်းနောက် နှုတ်ခမ်းတို့ သည် တင်းကြပ်စွာ စေ့၍ သွားကြပြန်လေသည် ။

ဩော်- ဒီလိုဆိုတော့လည်း မောင်ဟာ မှီ့ကိုများ အပြစ်တွေ့နေ လို့လားကွယ်။ မှီ့မှာ ဘာအပြစ်များ ရှိလို့ လဲ မောင်ရယ်... မှီသည် မောင့် ရဲ့ အပြုံးတစ်ဝက် အမဲ့တစ်ဝက် ဆင်ထားသည့် နှုတ်ခမ်းကိုကြည့်ရင်း စိတ်ထဲမှာ ဝမ်းနည်းရပြန်လေသည် ။

မောင်ဟာ... မှီ့ရဲ့ အချစ်ဦးပါကွယ်။ မှီနဲ့ မောင်တို့ ချစ်ခဲ့တဲ့ ရက် တွေမှာ နေလည်း ထွက်လိုက်ဝင်လိုက်၊ လမင်းလည်း ဆန်းလိုက်ဆုတ် လိုက်၊ သစ်ရွက်တွေလည်း ကြွေလိုက် အသစ်ဝေလိုက်နဲ့ နှစ်တွေ... လတွေ ကုန်ခဲ့ပါပေါ့လားကွယ်။ ဒါတောင်မှ မောင့်ရဲ့ အပြုံးဟာ မှီ့အဖို့ ဘယ်တုန်းကမှ ရိုးတယ်လို့ မရှိခဲ့ပါဘူး။ မောင့်ရဲ့ အယုအယတွေဟာ ဘယ်တော့မှ ဟောင်းခဲ့တယ်လို့ မရှိခဲ့ပါဘူး။

မှီသည် မောင့်အကြည့်ကို တုံ့ပြန်ရင်း နောက်ခဏကြာမှ ဘေးသို့ မျက်နှာလွှဲလိုက်မိလေသည် ။ မောင်မှာ အရင်တုန်းက မောင်ပါ၊ တကယ့်ကိုပါပဲ ဟော... ပါးပေါ်က မှဲ့လေးရယ်၊ အသားဖြူဖြူပေါ်မှာ စိမ်းနေတဲ့

နှုတ်ခမ်းမွေးရေးရေးလေးရယ်။

အရင်တုန်းက မောင်ပါပဲ။ ဒါပေမဲ့ မောင့်ရဲ့ အပြုံးမှာ အရင်တုန်း က လို သစ်လွင်တဲ့ အပြုံး မဟုတ်ဟု ထင်မိလေသည် ။ အရင်က လန်းဆန်းပါ၏။ သစ်လွင်ပါ၏။ ခုတော့ မောင့်ရဲ့ အပြုံးတို့ မှာ လွင့်ပြယ်လေပြီ။ မောင်နဲ့ မှီတို့ စတွေ့တုန်းက အပြုံးမျိုး မောင့်မှာ မရှိတော့ပြီ။

မှီသည် ဒါကိုတွေးရင်း မျက်ရည်များ တောင် လည်လာရပေသေး သည် ။ မှီကိုယ်တိုင် မောင့်ရဲ့ အန္တအတာကို ခံပြီးတော့ မောင်သဘောမကျတာကို မလုပ်ခဲ့ဘဲနဲ့ ဘာအကြောင်းနဲ့ များ မှီ့ကို ခပ်တည်တည်လုပ်နေပါလိမ့်မလဲ ပြုံးလိုက်စမ်းပါဦး မောင်ရယ်။ အရင်စတွေ့တုန်းက ပြုံးတဲ့ အပြုံးမျိုးလေ။

မှီမှာ စိတ်ထဲမှာ ဝေခွဲမရသည့် ဟန်ဖြင့် အောက်နှုတ်ခမ်းကို အသာကိုက်ပြီး သက်ပြင်းကိုသာ ရှိုက်မိလေသည် ။ မှီ့ရဲ့ သားဦးကလေး မှာ ရင်ခွင်ထဲမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်လျက်နေတုန်းပင် ဖြစ်လေသည် ။ မှီ့ရဲ့ ရင်သွေးကလေးမှာ သူ့အဖေနှင့် တစ်ထေရာတည်း ဖြစ်သည် ဟု မှီက ထင်မိလေသည် ။

ဟောဒီမျက်ခုံးနဲ့ မျက်လုံးလေးပြူးပုံက မောင့်မျက်လုံးလိုပဲ၊ နှာတံဆင်းလာပုံကလည်း မောင်နဲ့ သိပ်တူတာပဲ။ နဖူးကျယ်တာရယ် မေးကသွယ်ပြီး ဆင်းလာပုံရယ်။ အို အကုန်လုံး မောင်နဲ့ တစ်ထေရာတည်းပါပဲ ။ သား သားကြီးလာရင် မောင့်လို မောင့်လို ဝတ်လုံ အလုပ်ခိုင်းရမယ် နော်… နော် ဟုတ်လား။

မှီသည် ရင်သွေးကလေး အိပ်ပျော်နေသည် ကို ကြည့်ရင်း ဒါဟာ မောင်နဲ့ မှီတို့ ရဲ့ အချစ်ကို ပိုပြီး ခိုင်မြဲအောင် ရစ်လိုက်တဲ့ သံယောဇဉ်အမျှင်ကလေးတစ်တန်းပဲဟု အောက်မေ့ရသည် ။

မောင်ကမူ မှီစဉ်းစားနေသည် ကိုမှ အသနားကရုဏာ မသက် သလို နှင့် လေကို ချွန်ကာ အင်္ဂလိပ်ရုပ်ရှင်မဂ္ဂဇင်းကို ဖတ်နေသည် ။ မောင့်မှာ ရုပ်ရှင် အင်မတန်ကြည့်သူ ဖြစ်သည် ။ မောင် ကြည့်သည့် ရုပ်ရှင် တို့ မှ လည်း အမေရိကန်စုံထောက်ဇာတ်ကားများ သာ အကြည့်များ သည် ။ တစ်ခါတလေ စိတ်လက်ပေ့ါပါးအောင်ဆိုကာ ရောင်စုံအကဇာတ်ကား တွေကို သွားကြည့် သည် ။

မှီကမူ မောင် ရုပ်ရှင်ကြည့်တိုင်း မကြည့်နိုင်။ မောင့်မှာ မဟာဗန္ဓုလ ပန်းခြံလမ်းတွင် ရုံးခန်းဖွင့်ထားရာ မနက်ကိုးနာရီလောက် ထိုးသည် နှင့် တစ်ပြိုင်နက် ကားလေးနှင့် ရုံးခန်းသို့ ထွက်သွားရ၏။ ညနေဆိုလျှင် လည်း အမှုစစ်ပြီးလျှင် အိမ်သို့ စောစောစီးစီး ပြန်လာတတ်သည် ။ ဒါ ပေမဲ့ အိမ် မှာ ကြာကြာမနေ အဝတ်အစားလဲပြီး တစ်ခါ တင်းနစ်ရိုက် ထွက်သွား သည် နှင့် မှီ့မှာ အိမ်တွင် သာ ကျန်ရစ်လေသည် ။ အမှုများ ၍ နောက်ကျ လျှင်လည်း ညနေတစ်ခါတည်း ၆ နာရီခွဲပွဲမှာ ဘိုင်စကုတ် ကြည့်ပြီး ၉ နာရီခွဲလောက်မှ ကားအကြို လွှတ်လိုက်ရသည် ။ ပြန်လာ သည် နှင့် တစ်ပြိုင်နက် ဥပဒေစာအုပ်လှန်ပြီး စာဖတ်ရင်း အိပ်ပျော်သွား တတ်ရာ မှီက အသာအယာပုတ်နှိုးရင်း 'အိပ်မှာ ဖြင့်လည်း အိပ်ရာထဲ တစ်ခါတည်း သွားအိပ်တော့ မောင်ရယ်' ဟု ပြောကာ အိပ်ရာထဲအရော က်ပို့ရသေး သည် ။ မောင်ကမူ တစ်ခါတလေ မှီ့ကို တွတ်တီးတွတ်တာ စကားတွေ ပြောရင်း အိပ်ပျော်သွားတတ်သေးသည် ။ မှီကမူ ဒါတွေကို ကြည့်ရင်း ဩော်... မောင်ဟာ အရိုင်းသက်သက်ပဲဟု အောက်မေ့ကာ ကိုယ့်စိတ် ကိုယ် ဖြေရလေသည် ။

မှီတို့ ၏ အိမ်မှာ ဝင်းနှင့် ခြံနှင့် တစ်ထပ်တိုက်ကလေး ဖြစ်သည် ။ ညနေ မောင် တင်းနစ်ရိုက်သွားလျှင် မှီက မှီ့ရင်သွေးကို လက်တွန်းလှ ည်း မှာ တင်ရင်း မောင်ပြန်လာသည် အထိ ခြံထဲမှာ တွန်းကာ စောင့်နေ

တတ် သည် ။ မောင့်ရဲ့ ကားဟွန်းသံကြားမှ ကလေးကို အာယားလက်ထဲ အပ်ပြီး မောင့်ကိုယ်က ချွေးတွေကို သုတ်ပေးရသည် ။ မောင့်ဘိနပ်ကို ချွတ်ပေးရသည် ။ မောင့်အဝတ်အစားတွေကို လဲပေးရသည် ။ မောင်ကမူ မှီ့ရဲ့ ပါးကို လိမ်ဆွဲလိုက်ရင်း- 'မှီရေ ဆာတယ်ကွာ၊ ထမင်းမစားရသေး ဘူးလား'

'အို မောင်ကလည်း ခုတင် ကစားပြန်လာခါစ ရှိသေးတာပဲ။ ရေမိုးချိုးပြီးမှ စားမှ ပေါ့ မောင်ရဲ့ 'ဟု နှစ်သိမ့်ကာ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာအုပ် အစယူကာ ရေချိုးခန်းကို လိုက်ပို့ရသည် အထိ ဖြစ်လေသည် ။ မောင့်မှာ မူ ဘာကိုမှ လေးလေးနက်နက် တွေးသူမဟုတ်။ မောင့်စိတ်မှာ လေထဲတွင် ထောင်တက်သွားသည့် ကြက်တောင်ဖော့နှင့် သာ တူလေ သည် ။

မောင်က လုပ်ချင်လျှင် ဖြုံးခနဲ ဒိုင်းခနဲ လုပ်ပစ်လိုက်ရမှ ကျေနပ် ၏ ။ ပြောချင်လျှင် ဟောခနဲ ဒိုင်းခနဲ ပြောလိုက်ရမှ ကျေနပ်၏။ မောင့် စိတ်မှာ ကြမ်းတယ်ခေါ်ရမလား၊ ရမ်းတယ်ခေါ်ရမလား မပြောတတ်။ နမော်နမဲ့ နေနိုင်လွန်းလှသည် ။ တစ်ခါတလေ ညစာစားပြီး မှီက ရေဒီယို ဖွင့်ကာ တေးသံငြိမ့်ငြိမ့်မှာ မြောကာ 'မောင်ရေ မေရှင်အသံက ပျော့ပြီး ညက်ညက်ကလေး ထွက်လာတယ်နော်' ဟု သီချင်းအကြောင်းကို ပြောနေစဉ် မောင်က အင်းအင်းနှင့် လိုက်ရင်းက စားပွဲပေါ် ခြေနှစ်ချောင်းတင်ပြီး ဆိုဖာပေါ်တွင် အိပ်ပျော်သွားတတ်၏။ တစ်ခုတော့ရှိရဲ့ ၊ မောင်က သားလေးဖို့ 'မောင်ခွေးဖို့ ' ဓာတ်ပြားဖွင့်ရင် သူကပါ ဂီတမဆန်သည့် အသံကြီးဖြင့် ဘေးက လိုက်ဆိုတတ်သည် ။ ကလေးပိစိညှပ်ကလေး ကို မချီတတ်ချီကာ 'ဖေဖေ့သားကြီးလေး ရယ်စမ်းပါဦး၊ ကြီးရင် ဘာလုပ် မလဲ၊ ဝတ်လုံလုပ်မလား၊ ကွန်မြူနစ် လုပ်မလား' စသည် ဖြင့် တွေ့ကရာ ပြောရင်း ကလေးကို အတင်းပွေ့ကာ နမ်းတတ်လေသည် ။

ကလေးမှာ ကသိကအောင့်လုပ်သည် ကို မခံနိုင်လွန်း၍ ရှိသည့် အခါကျ မှ မှီက ကလေး ကို လှမ်းယူကာ 'အို မောင်ကလည်း ကလေးကို ဒါလော က် ကြမ်းကြမ်း တမ်းတမ်း လုပ်ရသလား' ဟု ပြောရသည် ။

မောင်မှာ ဘာမှန်းမသိတတ်၊ သူ စားချင်စရာရှိလျှင် ရုံးအပြန် ဈေး ထဲက ဝယ်ချင်တာတွေ ဝယ်လာတတ်၏။ အမှုလိုက်လို့ ငွေရလာလျှင် ရ သမျှ ငွေကို မှီ့လက်ထဲ အပ်လိုက်၏။ မှီက ဒါဆိုဒါမှ လုပ်ချင်သည် ဟု ဆိုလျှင် မှီ့အလိုလိုက်တတ်၏။ နှုတ်ခမ်းကို စူသည့် အမူမျိုး၊ ကွေ့ကွေ့ လည်လည်ဖြစ်နေသည့် ခပ်ထေ့ထေ့ အပြောမျိုးနှင့် တော့ မောင့်ရဲ့ စိတ် ကို ဆွဲဆောင်နိုင်မည် မဟုတ်ပေ။ မောင်မှာ ပါးစပ်က တည့်တည့်ပြောမှ ရိပ်မိသည့် အစားထဲက ဖြစ်လေသည် ။ ဒါဆိုလျှင် ဒါလို့ ရှင်းရှင်းပြောမှ မောင်က သဘောကျ၏။ အသားကို လိုလို့ အရိုးကိုတောင်းလျှင် အရိုး ပေးတတ်သည့် မောင်သာ ဖြစ်လေသည် ။

မှီမှာ မောင့်အပေါ်ကို သည်းခံနိုင်ပါ၏။ မောင့်ရဲ့ ဒီလို ခပ်ရိုင်းရိုင်း အ ရိုးသက်သက် အပြုအမူတွေကပဲ ပိုပြီး ချစ်စရာကောင်းနေသည် ဟု ထ င်ရကာ သစ်လွင်လတ်ဆတ်၍ နေပေသည် ။

မောင့်မှာ မှီသဘောကျကို ရှင်းရှင်းပြောလျှင်တော့ မှီ့ရဲ့ စိတ်ကြိုက် ကို လိုက်လျောပါ၏။ မှီက အဖြူဆိုလျှင် မောင်ကလည်း အဖြူဟု လိုက် လျောတတ်ပါ၏။ မှီက 'မောင်ရေ လမင်းက သိပ်ပူတာပဲ'ဆိုတောင် မှ ' မှီပြောတာ ဟုတ်တယ်' ဟု ဆိုသည် အထိ အလိုလိုက်မည့် မောင် ဖြစ် လေသည် ။ မောင့်မှာ ခပ်ရိုင်းရိုင်း နေချင်သည် ကလွဲလျှင် လင့် ဝတ္တရား ကို မိန်းမကျေနပ်အောင် ကျေပွန်သည့် မောင် ဖြစ်လေသည် ။

မှီက 'မောင်ရေ ညနေခင်းက သိပ်သာယာတာပဲ၊ မြစ်ဘက် ကို လမ်း လျှောက်ရအောင်'ဆိုလျှင် မောင်က ဘယ်လောက် မလျှောက် ချင်ပေမဲ့

မို့အလိုကိုလိုက်ကာ လမ်းလျှောက်ထွက်သည် ။ သို့သော် မီက မပြောဘဲ နဲ့ တော့ မောင်သည် နည်းနည်းမှ မိန်းမကို ပလီတတ် ချော တတ်သည့် မောင်မဟုတ်ပေ။ မီအလိုမကျဖြစ်နေလို့ မောင်ကများ ချော့ လိမ့်မည်ဆို ကာ မူ၍ နေလျှင်၊ မီမှာ တစ်သက်လုံး အမူမပျက်အောင်သာ နေရလိမ့်မ ည်။ မီ မူနေတာကို ဘယ်တော့မှ သိမည့် မောင်မဟုတ်၊ တကယ် ဆို တော့ မောင့်အချစ်မှာ အရိုးခံသက်သက် အရိုင်းချစ်မျှသာဖြစ်သည် ။

မီနှင့် မောင်တို့ ပထမဆုံး တွေ့တုန်းက ကျောင်းမှာ ဖြစ်လေ သည် ။ သည် တုန်းက မောင်မှာ ကျောင်းမှ တင်းနစ်ချန်ပီယံရသည် ။ မီမှာ အေးအေးကုတ်ကုတ်နေကာ စာကိုသာ ကြိုးစားသူဖြစ်သည် ။ မောင် က စားခုန်ဘက်မှာ ဝါသနာပါသလောက် မီက စာကိုသာကြိုးစားသည် ။ ညနေတိုင်လျှင် လမ်းလျှောက်ရင်း အညောင်းဖြေသည် ။

မောင့်ကို တွေ့တုန်းက သူငယ်ချင်းတစ်ယောက်က ဖိတ်သည့် ပါတီ တစ်ခုမှာ မီနဲ့ မောင်သည် တစ်စားပွဲတည်း သွားကျလေသည် ။ မီတို့ စားပွဲမှာ မိန်းကလေးသုံးယောက်နှင့် ယောကျ်ားလေးနှစ်ယောက် ပေါင်း ငါးယောက်သာရှိရာ မီ့ သူငယ်ချင်းမနှစ်ယောက်နှင့် မေ ၁င ့်သ ူင ယ ်ခ ျင ်းမ ၂ ၁ ကပွဲအကြောင်း၊ ဂုဏ်ထူးတန်းသားတွေအကြောင်း ဘိုင်စကုတ်အကြောင်း၊ စကားတွေပြောနေကြသည် ။ မီနဲ့ မောင်တို့ နှစ်ယောက်မှာ တစ်ခွန်းမှ စ ကားမပြောကြဘဲ ငုတ်တုတ်ထိုင်နေကြသည် ။ မီမှာ အစကတည်းက ပါ တီတို့ ဆိုရှယ်တို့ ကို တက်ချင်စိတ်မရှိ၊ သွားတတ်သည့် ဝါသနာလည်း မရှိရကား၊ ရောက်လာ၍ သစ်တုံးလို ငုတ်တုတ်ထိုင်နေရသည့် အခါတွင် စိတ်ထဲမှာ ပျင်း၍ လာလေသည် ။ ဒီတုန်းက မောင်မှာ လည်း သူတို့ အကြောင်းကို သိပ်စိတ်ဝင်စားပုံမပေါ်၊ ဟိုစားပွဲလှမ်းကြည့်လိုက် ဒီစား ပွဲ လှမ်းကြည့်လိုက် နောက် မီ့ဆီကို မျက်လုံးကြီးဝဲလာကာ

စိုက်ကြည့်ပြီး ပြန်သွားလိုက်နှင့် နေရင်း သမ်းနေလေသည် ။ မို့သူငယ်ချ င်းတွေကမူ စကားပြောရင်းက မောင်သမ်းနေသည် ကို မြင်ရသောအခါ ပြုံးကြလေ သည် ။ ပျင်းအောင် နားထောင်ရ၍ အားနာသောကြောင့် ပြုံးသည့် အားနာ ပြုံးလား၊ လောကဝတ်ကို နားမလည်ရကောင်းလား ဟု သရော်သည့် သရော်ပြုံးလားတော့ မသိရပေ။

'ဩော်... မေ့နေတယ်၊ ကိုတင်ထွန်း မိတ်ဆက်ပေးရဦးမယ်။ ဟောဒါက စီနီယာအိုင်အေက မခင်မှီလေ၊ မခင်မှီ ဟောဒါက စီနီယာ ဘီအက်စ်စီက ကိုတင်ထွန်းတဲ့ တင်းနစ်ချန်ပီယံပေါ့' ဟု ပါတီဖိတ်သူက မိတ်ဖွဲ့ပေး၏။

'ဩ-ဩ' ဒီတုန်းက မောင်က ဒါပဲပြော၏။ မှီကမူ သူ့ကို ကြည့်ရသည် မှာ ပျင်းစရာ ငြီးငွေ့စရာကောင်းနေသည် ဟု မှတ်ထင်ရလေ သည် ။ 'ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ်ရှင်' ဟု ရော၍ ပြောလိုက် ရသည် ။

'ကိုတင်ထွန်းက သိပ်စကားနည်းတယ် မခင်မှီရဲ့ ' ဟု မောင့် သူငယ်ချင်းက ပြော၏။ မှီကမူ ပြုံးရုံသာ ပြုံးလေသည် ။

'ခင်ဗျားတို့ ဟာက ပျင်းစရာကြီးဗျာ' ဟု မောင်က ပြန်ပြော သည် ။ သူတို့ က မောင့်စကားကို ပြန်မချေတော့ဘဲ သူတို့ ဘာသာ စကား ဆက်များ နေကြသည် ။ မှီမှာ မောင့်ကို ကြည့်ရင်း-

'ဟုတ်တယ်- မှီလည်း သိပ်ပျင်းတာပဲ၊ အရင်ကလည်း ပါတီ တွေ ဘာတွေ သိပ်မရောက်ဘူး၊ မရောက်ဖူးတော့ လာရတာ ခပ်ကြောင်ကြောင်ပဲ'

'ကျွန်တော်တော့ သိပ်ဝါသနာမပါလှပါဘူး။ ကိုယ့်ဘာသာ ကစားနေရရင် ပြီးတာပဲ။ ဒီပါတီတွေက နေပြီးလည်း တကယ့်မိတ်ဆွေအဖြစ် ဆက်ဆံရေးကို ရလိမ့်မယ်လို့ မထင်ပါဘူး'

'ဟုတ်ပါတယ်၊ မှီတော့ ကိုယ်က သိပ်ဝါသနာမပါလို့ လား မသိ ဘူး။ တစ်ခါတလေ သူတို့ မိတ်ဆက်ပေးလို့ သာ ရေလိုက်ကြာလိုက် လုပ်လိုက်ရပေမယ့် ဒီမိတ်ဆက်ပေးတဲ့ လူကို နောက်တစ်ခါပြန်တွေ့တော့ မှတ်မိချင်မှ မှတ်မိတာပဲ။ အမှန်ကတော့ ဒါတွေဟာ အပျင်းပြေအောင် လုပ်ကြတဲ့ ကစားနည်းတစ်မျိုးပဲ။ ဘာမှ ထူးထူးခြားခြား အမြတ်မရပါဘူး။ မှီ တောမှာ နေတုန်းက တွေ့ဖူးတယ်။ တောက လူတွေလေ၊ သူတို့ ဘယ်သူကမှ မိတ်ဆက်မပေးဘဲ ဘယ်သူကမှ ပါတီတွေလည်း မဖိတ်ဖူးပါဘူး၊ ဒါပေမဲ့ တစ်ဦးနဲ့ တစ်ဦး ရင်းရင်းနှီးနှီးနဲ့ သာရေးနာရေး ကျရင် ကူညီကြတာပါပဲ။ မြို့က လူတွေလို မဟုတ်ပါဘူး'

'ဟုတ်တယ်။ ကျွန်တော်လည်း ဒါတွေကို သိပ်မယုံချင်ပါဘူး၊ အတုအယောင်တွေပဲ' ဟု မောင်က ရင်ထဲမှာ ရှိတာကို ပြောလိုက်၏။ မှီမှာ မောင်၏ စကားကို သဘောကျကာ ရယ်ပင်ရယ်မိသေးသည် ။

'ဟုတ်တယ် အတုအယောင်တွေ' ဟု မှီရင်ထဲမှာ ပွဲတင်ထပ် လာ၏။ 'ဒါက လူတွေက သတ်မှတ်ထားတဲ့ လောကဝတ်ပါပဲ။ ယဉ်ကျေး မှုဟု မဆိုနိုင်ပါဘူး။ ဒါဟာ ယဉ်ကျေးမှုအတုပဲ' ဟု မှီက မောင့်စကား ကို ထောက်ခံလေသည် ။

မောင်နှင့် မှီတို့ မှာ သည် တုန်းက စတွေ့လေသည် ။ နောက်တော့ ကော်ရစ်ဒါတွေ့၊ အတန်းပြောင်းချိန်တွေ့နှင့် မြင်လျှင်ပြုံး၍ နှုတ်ဆက်ရာ ကအစ ကျောင်းဆောင်ကို အလည်သွားသည် အထိ ဖြစ်လာရလေသည် ။

နောက် မောင့်ကို မှီ့ရဲ့ အချစ်ဦးအဖြစ်နှင့် တွေ့လာရသည် ။ ကျောင်းတုန်းကဆိုလျှင် မှီ့ကို မောင့်ထက် ချစ်မည့် သူ မရှိ။ မှီကိုယ်၌ က လည်း မောင်သာလျှင် မှီ့ကို ဘယ်တော့မှ မုန်းမည် မဟုတ်ဟု ထင်မှတ်မိ လေ

သည်။

မို့ကို အချစ်ဆုံးလူကို ပြပါဆိုလျှင် မောင့်ကို လက်ညှိုးထိုးပြ ရပေလိမ့်မည်။ မိုသာလျှင် မောင်၏ မြတ်နိုးခြင်း၏ တည်ရာ ဖြစ်သလို မောင်သာလျှင် မို၏ စုံမက်ခြင်းတည်ရာ ဖြစ်လေသည်။

မောင် ဘီ-အယ်လ် ဝင်သည့် နှစ်၊ မို ဘီ-အေအထက်တန်း အရောက်မှာ လက်ထပ်လိုက်ကြ၏။ ပထမတော့ မိုက ဘီအေအောင် အောင် စောင့်ပါဦးဟု ဆိုသည်။ ဒါပေမဲ့ မောင်က ပြော၍ မရ။ လူကြီး တွေကို အပြောခိုင်းဟန် တူသည်။ မို့မေမေက မို့ကို နားအချတွင် မို့မှာ ကန့်စွန်းခင်းကို ငြိလိုက်ရလေသည်။

လက်ထပ်သည့် နေ့ နှစ်ယောက်ထိုင်ခုံကြီးပေါ်မှာ ထိုင်နေကြရင်း မို့မှာ ရင်ထဲက ခုန်နေလေသည်။ ပရိသတ်ကို မမြင်ရ။ မျက်လုံးတွေ ပြာနေလေသည်။ ခေါင်းကိုလည်း ငုံ့ထားရလေသည်။ ဘိသိက်ဆရာက လက်ထပ်ပေးသည့် အခါတွင် မို့လက်များမှာ အေးစက်ကာ တုန်၍ နေလေ သည်။

ပရိသတ်တွေစဲမှ အဝတ်အစားတွေကိုလဲကာ သက်ပြင်းကို ချနိုင်တော့သည်။ မို့အဖို့ ဆိုလျှင် မောင့်မှာ မို့ဘက်ကချည်းဟု တစ်ထစ်ချ ပြောနိုင်လောက်အောင် မောင်က မို့ကို ချစ်သည်။ မောင့်အဖို့ ဆိုလျှင် မောင့်ရဲ့ အရိုင်းအပြုအမူတွေကို လုံးဝခွင့်လွှတ်နိုင်သည် အထိ မိုက မောင့် ဘက်မှာ ရှိလေသည်။

မောင်နှင့် မိုတို့ သည် တာရိုးပေါ်မှာ လမ်းလျှောက်ကြသည်။ တာရိုးပေါ်တွင် ကုက္ကိုပင်တို့ မှာ ကိုင်းချင်းယှက်လိမ်ကာ တာလမ်းကို မိုးထားသည်။ ကုက္ကိုရွက်ကလေးများမှာ ရေထဲသို့ ဖြုတ်ခနဲ ကြွေကျကြကာ မျောပါသွားကြလေ၏။ ကျေးကိုက်ထားသော သစ်သီးကလေးများ ကြွေ

ကျသွားလျှင် ရေမှာ ပလုံစီ၍ သွားလေသည် ။ တာရိုးနှစ်ခုမှာ တံတား လေး ဆက်ထား၏။ မောင်နှင့် မှီသည် တံတားကလေးပေါ်မှာ လမ်း လျှောက်ကြလေသည် ။ တံတားလေးပေါ်မှ မှီက အောက်သို့ ငုံ့ကြည့် ကာ-

'မောင်ရေ ဒီရေက ဘယ်ရောက်ကုန်ပါလိမ့်နော်' ဟု မေး၏။

'မြစ်ထဲကို ရောက်တာပေါ့ မှီရဲ့ ' ဟု တိုတိုပဲ ဖြေသည် ။ မှီကမူ ဘာမှ ပြန်မပြောတော့ဘဲ ရေထဲကိုသာ ငုံ့ကြည့်နေ၏။

'မှီတော့ ရေထဲ ငုံ့ကြည့်ရင်း သိပ်မူးတာပဲကွယ်' ဟု ပြောသည် ။ မောင်ကမူ မှီ့ကို ကြည့်ရင်း စာမေးပွဲကို တွေးနေမိသည် ။

'မောင်ရေ... မှီတို့ ဆီမှာ နှစ်လသုံးလလောက် နေပြီးရင်လေ မောင် ရန်ကုန်ပြန်ရဦးမယ်နော်၊ မောင် စာမေးပွဲအောင်ပြီးရင် ချိမ်းဘား တက် ရဦးမှာ ပေါ့' ဟု မှီက မောင့်ကို မော့ကြည့်ရင်း ပြောသည် ။

'မောင်တော့ ဘာမှ မလုပ်ဘဲ မှီနဲ့ နေချင်တယ်' ဟု မောင်က ကလေး ဆိုးလိုပင် ပြောမိလေသည် ။

'အို... မောင် ဘာမှ မလုပ်ရင် မှီတို့ ဘယ်လိုနေကြမလဲ။ မိဘတွေဆီ မှာ ပဲ နေလို့ ဖြစ်မလား မောင်ရဲ့ ။ မိဘက သားသမီးကို အိမ်ထောင်ပြုမ ယ်ဆိုကတည်းက မျက်နှာလွှဲချင်လို့ အိမ်ထောင်ပြုတာ ပေါ့။ ဘယ်ဘက် က မိဘဆီမှ မှီတော့ မနေချင်ဘူး။ မောင်နဲ့ ပဲ ရှင်းရှင်း လင်းလင်း နေချ င်တယ်'

မှီမှာ အိမ်ထောင်ရေးကို တကယ်စဉ်းစားလိုသည် ။ လင်ရယ် မယား ရယ် ဖြစ်လာကြမှ အိုးနဲ့ အိမ်နဲ့ တော့ ရှိမှ ဖြစ်မှာ ဟု မှီက ယူဆ၏။ မှီ့မှာ ဘယ်ဘက်က မိဘဆီမှာ မှ မနေချင်၊ ကိုယ့်ပစ္စည်းနှင့် ကိုယ့် အိမ်

ထောင်နှင့် နေချင်၏။

မောင်မှာ ဆက်၍ သာ ငေးနေလေ၏။ မှီကမူ အားမရသည့် အသံ ဖြင့် 'ပြောပါ မောင်ရဲ့ မဟုတ်ဘူး လားလို့ ။ မှီကကွယ် မောင်နဲ့ မှီနဲ့ လွတ်လွတ်လပ်လပ် ချစ်နေကြရအောင် ပြောရတာပါ' ဟု နှုတ်ခမ်းကို စူရသည် ။ သည် တော့မှ မောင့်မှာ ပြုံး လာလေသည် ။

မောင်ပြန်သွားပြီးနောက် မကြာခင်မှာ မောင်တို့ စာမေးပွဲဂေဇက်ထွက်၏။ မှီကမူ ရေဒီယိုကိုဖွင့်ကာ အနားတွင် ဆူနေသည့် အစေခံမလေး တွေအား 'ဟဲ့- ကောင်မလေးတွေ ငြိမ်ငြိမ်နေစမ်း'ဟု ငေါက်လိုက်ကာ စာမေးပွဲဂေဇက်ကို နားထောင်ရသည် ။ မောင့်နာမည် မပါလာသောအခါ မှီ့မှာ စိတ်ပျက်ဝမ်းနည်းဖြစ်ရလေသည် ။ ဒါ မှီ့အပြစ်ပဲ မောင် စာမေးပွဲကျ ရတာ မှီ့ရဲ့ အပြစ်ဟု ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရသည် ။

မှီ့မှာ မောင် စာမေးပွဲကျသည် ကို ဖုံးဖိထားရသည် ။ တခြားလူတွေ သိသွားမှာ ကို ရှက်နေသည် ။ 'မှီရေ ကိုတင်ထွန်းတို့ အောင်ရဲ့ လား' ဟု အိမ်နားက သူငယ်ချင်းတွေက မေးသည့် အခါတွင် 'မောင်က ဒီနှစ် စာမေးပွဲမဝင်ဖြစ်ဘူးကွဲ့' ဟု မသုံးဖူးသော မုသားကို သုံးရသည် ။

မှီကမူ စာမေးပွဲမအောင်တာဟာ အရေးမကြီးပါဘူး မောင်ရဲ့ ။ ဒီနှစ်မအောင်ရင် နောင်နှစ်ပေ့ါ။ ဒါထက်လေ မောင်ဝမ်းသာဖို့ ပြောလိုက် ဦးမယ်။ မှီ့မှာ ကိုယ်ဝန်ရှိနေပြီ မောင်ရဲ့ ။ ဒါထက် မှီ့ကို တိုးပြီးချစ်အောင် သံယောဇဉ်တစ်မျှင် ရစ်လာတာပဲဟု စာထဲမှာ ထည့်ရေး လိုက်လေ၏။

မောင်မှာ မှီ့ကို ရန်ကုန်သို့ ခေါ်သည် ။ တောမှာ မွေးရတာက သိပ်မကောင်းဟု ဆိုကာ ရန်ကုန်တွင် အိမ်ငှားကာ မှီ့ကို ခေါ်လေသည် ။ မှီ့မှာ မောင်သွားကတည်းက ပျင်းနေ၍ မောင်က ရန်ကုန်ခေါ်တော့ လိုက်

လာလေသည် ။ မောင် ရန်ကုန်သွားတုန်းကဆိုလျှင် အိမ်မှာ ဝတ္ထု စာအုပ်ဖတ်၊ ရေဒီယိုဖွင့်၊ ညီမလေးတွေ စန္ဒရားတီးတာကို နားထောင်တာ နဲ့ပဲ အချိန်ကုန်ရသည် ။ မောင့်ဆီက စာများ မလာလျှင် စိတ်ထဲမှာ ညစ်သလို ဖြစ်ရပြန်သေးသည် ။

မို့မှာ ရန်ကုန်ရောက်တော့ ပျော်နေလေသည် ။ ရန်ကုန်မှာ ဆိုရင် ဘာမှ မပူရ။ ပျော်ဖို့ ရွှင်ဖို့ လည်း မပူရ။ ဒီအထဲမှာ မောင်တစ်ယောက်လုံး ရှိသေးသည် ။

မို့ရောက်စ ပထမနှစ်မှာ မောင်က ဘီအယ်လ် မအောင်သေး။ မနက် ၇ နာရီဆိုလျှင် အတန်းတက်ကာ ၉ နာရီမှာ အလုပ်သို့ သွားရ သည် ။ မောင့်မှာ မို့က ဘီအယ်လ် မအောင်ခင် ဝင်ငွေများ အောင် အလုပ်လုပ်ပါ ဆိုသဖြင့် အလုပ်တစ်ခုကို လုပ်နေရသေးသည် ။

မောင် အ လုပ်သွားနေသည့် အခါတွင် မို့သည် သားလေးဖို့ ခြေ အိတ်လေးတွေ၊ အင်္ကျီလေးတွေကို ထိုးရသည် မှာ တစ်နေ့လုံးပင်ဖြစ် သည် ။ မောင် အလုပ်က ပြန်လာမှ ပင် မောင်က 'ကျန်းမာရေးကို ဂရုစိုက်ဦး မို့ရဲ့ 'ဟု ဆိုကာ အင်းလျားကန်ပေါင်မှာ လမ်းလျှောက်ကြသည် ။ တစ်ခါ တစ်ခါ မောင်က ခြေလှမ်းကြဲကြီးနှင့် လျှောက်လေရာ မို့မှာ နောက်ကျန် နေရစ်တတ်သည် ။ မို့က မောင့်လက်ကို ဆွဲထားရင်း မောင်က သိပ် လျှောက်တော့ မို့မလိုက်နိုင်ဘူး မောင်ရဲ့ 'ဟု ပြောမှ ဖြေးဖြေးလျှောက်လေသည် ။

မို့မှာ သော်မဆင်သားဖွားခန်းသို့ ရောက်နေသည် ။ ညနေတိုင်း မောင်အလုပ်က ပြန်လာလျှင် မို့ဆီ ရောက် လာပြီး နေထိုင်ကောင်းရဲ့ လားဟု အစုံစမ်းလာတတ်သည် ။ မောင်က မို့ရဲ့ မျက်နှာကို ကြည့်လိုက်၊ ကလေးကို ကြည့်လိုက်နှင့် ကြည်နူးနေသည် ။ မို့ကမူ 'မောင်နဲ့ မို့တို့ ကြား

မှာ အချစ် ကို ပိုပြီး ခိုင်မြဲစေမယ့် ရတနာလေး မောင်ရဲ့ 'ဟု ပြောတတ်သည် ။

မောင်က ပြုံးကာ 'သားလေးဖို့ နာမည်ကောင်းကောင်း ရွေးထား တယ်။ နောက်မှ ပြောမယ်' ဟု ဆိုကာ မှီ့ကို ပြုံး၍ ကြည့်နေ၏။ မှီ့အချစ်မှာ သားလေးမွေးလာတော့မှ ပိုပြီးသစ်လွင်လာသည် ဟု မှတ်ထင်ရလေသည် ။ အရင်တုန်းကလို ပေါ့ပေါ့အချစ် မဟုတ်။ သားရယ် သမီးရယ်လို့ ရှိလာတော့ လင်မယားအချစ်မှာ ပိုပြီး လေးလေးပင်ပင် ရှိလာရသည် ဟု အောက်မေ့မိလေသည် ။

ခုတော့ မောင့်မှာ ဘီအယ်လ်အောင်၍ ဝတ်လုံတောင် လိုက်နေ ပြီ ဖြစ်၏။ သားလေးမှာ လည်း တော့တီးတော့တာနှင့် စကားပြောတတ်ခါစ အရွယ်ပင်ရောက်လာ၏။

မှီကမူ မှီ့အချစ်မှာ သားလေးရလာမှ ပိုပြီးလေးနက်လာသည် ဟု ထင်မှတ်နေ၏။ 'သားသားကို ကြီးရင် ဖအေလို ဝတ်လုံအလိုက်ခိုင်း ရမယ် ။ ပြီးတော့ သားကလေးကလေ မောင့်လို ရုပ်ချော မောင်'ဟု ပြောရသည် ။ အရင် လင်မယားဘဝ ရခါစတုန်းကတော့လည်း ရခါစမို့ မှီ့မှာ မောင့်ကို ချစ်ခဲ့ပါ၏။ ခုတော့လည်း သံယောဇဉ်အမျှင်တောင် ရစ်နေပြီ။ မှီ မောင့်ကို ပို၍ ချစ်ရပါသေး၏။

ပြုံးလိုက်စမ်းပါ မောင်ရယ်၊ ပြုံးလိုက်စမ်းပါ။ မောင်နဲ့ မှီတို့ ရဲ့ အချစ်ဟာ လတ်ဆတ်မလာဘူးလားဟင်၊ သစ်လွင်မလာဘူးလား၊ မှီဟာ မောင့်ရဲ့ အချစ်ဦးပါ။ သားလေးရလာတော့ မောင့်ရဲ့ အချစ်ဟာ မှီ့အပေါ်မှာ တိုးပြီးမလာဘူးလား။

မောင်ကမူ နှုတ်ခမ်းကို စေ့ထားရင်းက ပခုံးတစ်ဘက်ကို တွန့်ရင်း ' မှီရေ မောင်လေ မှီ့အပေါ်မှာ အချစ်လျော့လျော့ပြီး လာတယ်လို့ ထင် တ

ယ်။ ရခါစတုန်းကတော့ အဆုံးအစမရှိ ချစ်ခဲ့ပါရဲ့ ။ ဒါပေမဲ့ အဲဒီတုန်းက အချစ်က လေးလေးပင်ပင်ရှိတယ်။ ခုတော့ သားဦးလေးရလာ တော့ လေ မှီတစ်ယောက်တည်းအပေါ်မှာ စုပြီး မနေတော့ဘူး။ သားလေး အ ပေါ်မှာ လဲ ဖဲ့ပစ်လိုက်ရတယ်။ နောက်လည်း သားလေး သမီးလေး မွေး လာ ရင်လေ ဒီလို မျှမျှပေးလိုက်ရတာနဲ့ မှီ့အပေါ်မှာ ချစ်တဲ့ မောင့် အချစ် ဟာ လျော့သွား တော့မှာ ပဲ။ လေးလေးနက်နက် ရှိတော့မှာ မဟုတ်ဘူး '

'ဒါက မောင် စိတ်ထင်လို့ ပါကွယ်'

' မဟုတ်ဘူး မှီရဲ့ တကယ်ဖြစ်နေတာ'

'မောင်က မလိမ်ပါနဲ့ ၊ စိတ်ထဲမှာ ပဲ ထင်တယ်လို့ ပြောပါ'

' မဟုတ်ဘူး မှီရဲ့ ၊ ပြောလို့ မရဘူး တကယ်ကို ဖြစ်နေတာ'

မောင့်ရဲ့ စကားအသံမှာ ရင်ထဲက ထွက်၍ လာသော အသံမျိုး ဖြစ် ၏။ မောင့်ရဲ့ အချစ်မှာ စိတ်ကူးယဉ်အချစ်သာ ဖြစ်လေသည် ။

မှီသည် မောင်နှင့် မောင့်ရင်သွေးကလေးကို တစ်လှည့်စီကြည့်မိ လေသည် ။ မောင့်အဖို့ ကတော့ သားလေးရလာလို့ မှီ့အပေါ်မှာ အချစ် လျော့ပေမယ့် မှီ့အဖို့ ကတော့ အချစ်ဟာ လေးနက်လာရပါသေးတယ် မောင်ရယ်။

မောင်ဟာ မှီ့ရဲ့ အချစ်ပါကွယ်။ မောင့်အချစ်တွေဟာ ဘယ်တုန်း က မှ မဟောင်းခဲ့ပါဘူး။ ပြုံးလိုက်စမ်းပါ မောင်ရယ်။ စတွေ့တုန်းက အပြုံး မျိုးလေး ပြုံးလိုက်စမ်းပါ။

မှီသည် မောင်၏ အပြုံးတစ်ဝက် အမဲ့တစ်ဝက်နှင့် တွဲနေသည့် နှုတ် ခမ်းကို ကြည့်ရင်း မျက်ရည်များ ပင် လည် လာလေသည် ။

**(လင်းယုန်ဂျာနယ်။ ။ ၁၉၅၀၊ ဇွန် ၁။)**

* * *

# မျက်ရည်နှစ်စက်

ညသည် မှောင်၏။

ရှေ့တွင် မှောင်ထု ကန့်လန့်ကာကြီး တားဆီးနေ၏။ သို့သော် မှောင်ထု ကန့်လန့်ကာပေါ်တွင် ပန်းချီဆေးခြယ်ထားသည့် အရုပ်ကား များကို မြင်ရလေသည် ။ ထိုအရုပ်ကားများ သည် အဝေးတွင် မလှုပ်မယှက် ရပ်နေကြလေသည် ။ မှိုင်းရိပ်ရိပ် တောတန်းရယ်၊ နောက်ပြီး မိုးပေါ်က ကြယ်ကလေးတွေရယ်။

အမှောင်ထု ကန့်လန့်ကာ အထက်တွင် ကြယ်တို့ သည် မြစ် လယ်တွင် တစ်ပွင့်တည်း မျောနေသည် ။ ဇေဒါပွင့်များ လို ဟိုတစ်ပွင့် သည် တစ်ပွင့်ရှိသည် ။ ရေးရေးရိပ်ရိပ်သာ မြင်ရသည့် တောတန်းသည် ကန့် လန့်ကာနက်ပေါ်တွင် ခြယ်ထားသည့် မှိုင်းမှိုင်းမှုန်မှုန် တောရိပ်မြိုင်ခြေကလေးနှင့် သာ တူလေသည် ။

အမေသည် တဲတွင်းရှိ ကွပ်ပျစ်ပေါ်တွင် မှိန်းကာ ပုတီးကုန်းတွေ ကို တစ်လုံးပြီးတစ်လုံး စိပ်နေလျက်ရှိသည် ။ အမေသည် မှေးမှိန်သည့် မျက်လုံးအစုံမှ မျက်လွှာကို မျှင်းမျှင်းချလိုက်သည် ။ အမေ့သွားများမှာ ကြွေကျပြီဖြစ်သဖြင့် အမေ၏ ပါးသည် ခွက်ဝင်နေကာ ပါးရေတို့ သည် တွန့်လိပ်ရှုံ့တွလျက် ရှိလေပြီ။ အမေ၏ ဆံပင်တို့ သည် ငွေရောင်တစ် ဝက်တောက်ကာ အဖြူသို့ လုနေကြပေပြီ။

အမေ၏ တဲတွင်းရှိ ရေနံချေး မီးခွက်မှ အရောင်မှာ အပြင်ဘက် အ

မှောင်ထုထဲသို့ တိုးထွက် ယိုစီး လာလေသည် ။ အမေသည် သားအလာ ကို စောင့်နေခြင်းသာ ဖြစ်၏။ အမေ့သားကြီးသည် ပြည်သူ့တပ်မတော် ထဲတွင် ရောက်ရှိနေပြီး အမေ့သားငယ် ထွန်းရွှေသည် အမေနှင့် အတူ ရွာတွင် ကျန်ရစ်ခဲ့လေသည် ။

ယနေ့ညတွင် မူ အမေ့သားကြီး ထွန်းဦးလာမည်ဟု ပြောထား ၍ ထွန်းရွှေသည် စောစောကပင် အကြိုသွားနှင့် ပြီ ဖြစ်၏။ အမေတို့ တဲသည် ဝက်ပုတ်ရွာနှင့် မလှမ်းမကမ်း ထန်းတောထဲတွင် ဖြစ်လေသည် ။ ထန်းတောထဲတွင် တဲထိုးကာ နေကြသည့် ထန်းတက်သမားများ ၏ တဲလေးများ သည် လည်း မလှမ်းမကမ်း အမှောင်ဝယ် ဝပ်နေကြလေသည် ။

အမေသည် စိပ်ပုတီးကို ၃ ပတ်ရအောင် စိပ်ပြီးနောက် တဲဝဆီ သို့ ထသွားကာ အပြင်ဘက်သို့ ကျော်ကြည့်လေသည် ။

အပြင်ဘက်တွင် ကား ဘာကိုမျှ မမြင်ရ။ အမေ၏ မှုန်ရီသည့် မျက်လုံးများ အဖို့ မူ ဆိုဖွယ်ရာ မရှိတော့ပြီ။ တောရိပ်ကိုလည်း မမြင်၊ ကြယ်ပွင့်ကိုလည်း မတွေ့။

တပေါင်း၏ ညသည် မှိုင်းပျလျက် ရှိလေသည် ။ တဲဘေး သရက်ပင်မှ သရက်ပွင့်နံ့တို့ မှာ တပေါင်းည၏ ညင်းပြေပြေလေအသုတ် တွင် သင်းလှိုင်နေကြ၏။ လေသုတ်လိုက်သည့် အခါတွင် သစ်ရွက်ခြောက် ကလေးများ ရှပ်တိုက်နေသံကိုလည်း ကြားရ၏။ တစ်ခါတစ်ခါ ဟိုဘက်တဲတစ်ခုမှ ခွေးဟောင်သံ၊ ချောင်းဟန့်သံတို့ ကိုလည်း ကြားရ၏။

အမေသည် ခြေသံတွေ များ လွန်းလှသဖြင့် နည်းနည်းတော့ တုန်လှုပ်သေးသည် ။ သို့ရာတွင် အမေသည် စိတ်ကို ထိန်းနိုင်သူ ဖြစ် လေသည် ။

'ဟယ် ငါ့မှာ လူဆိုးဆိုရင်လည်း လုစရာမရှိ၊ မိန်းမပျိုလေးလည်း မ

ဟုတ်တော့ ဘယ်သူ့ကြောက်စရာရှိမှာ တုံးဟု အမေက အားတင်းကာ ပြောင်းဖူးဖက်ဆေးလိပ်ကို ရှိုက်ဖွာလိုက်သည် ။

ရှေ့ဆုံးမှ ဝင်လာသည့် ထွန်းရွှေကို မြင်လိုက်တော့မှ အမေသည် ဝမ်းသာသွားလေသည် ။ ထွန်းရွှေနောက်တွင် သားကြီး ထွန်းဦးနှင့် လူလေးယောက်ခန့်ကို မြင်ရသည် ။

'အမေ' ဟု ထွန်းဦးက ခေါ်ကာ အမေ့ကို သားတို့ ၏ ချစ်ခြင်း ဖြင့် အားပါးတရ ဖက်လေသည် ။

'အမလေး သား သား ထွန်းဦး' ဟု အမေက ဝမ်းသာလွန်း၍ မျက်ရည်များ စို့ကာ သားကို ပြန်ဖက်သည် ။

'အမလေး စစ်သားကြီးလုံးလုံးတောင် ဖြစ်နေပါလား' ဟု အမေ က စူးရှကြမ်းတမ်းသည့် ထွန်းဦး၏ မုတ်ဆိတ်မွေးတွေကို လက်ဖြင့် စမ်းရင်း အားရနှစ်ခြိုက်စွာ ပြောလေသည် ။

'ထွန်းဦးမှာ အစိမ်းရင့်ရောင် ယူနီဖောင်းကို ဝတ်ထားကာ ဦးထုပ်ပျော့ကိုဆောင် ထား၏။ နောက်တွင် ရိုင်ဖယ်သေနတ်ကိုလည်း လွယ်ထား လေသည် ။ သား၏ လက်မောင်းများမှာ ထွက်သွားတုန်းက လက်မောင်း များ နှင့် မတူ၊ တောင့်တင်းခိုင်မာလှကာ ရန်သူကို အားဖြင့် ခုခံကာ ဖြိုဖျက် မည့် လက်မောင်းများ ဟု ထင်မှတ်မိလေသည် ။ သား၏ ကိုယ်လုံး ကိုယ်ထည်မှာ လည်း နဂိုကမှ ထွားကျိုင်းသန်မာသည့် အထဲတွင် ယခု တစ်ဖန် ပိုမိုတောင့်တင်းလာကာ ရန်သူတို့ ကို တုန်လှုပ်ကြောက်ရွံ့စေသည့် ခံ့ညားမှုကိန်းဝပ်နေသည် ဟု ထင်မှတ်မိလေသည် ။

'ကွဲသွားတာ ကြာပြီနော် သား၊ အမေဖြင့် ဝမ်းသာလိုက်တာ ကွယ်၊ သား ဘယ်ဆီရောက်နေတယ်ဆိုတာတော့ တစ်ခါတလေ ကြား ရပါရဲ့ ၊ အဲဒီတုန်းကများ အမေ ပြေးတွေ့ချင်လိုက်တာကွယ်၊ သားရှိတဲ့ ဆီကို အ

မေလာချင်လိုက်တာ၊ အတောင်သာပေါက်ရင် အမေပျံတောင် လာချင်သကွဲ့'ဟု အမေက အငမ်းမရပြောသည် ။

'ကဲ အမေ ကျုပ်တို့ တစ်တွေ ဒီနေ့ည ဒီမှာ တည်းရလိမ့်မယ်၊ ဟိုဘက်က ရန်သူစခန်းတစ်ခုလုံးကို စီးဖို့ စုံစမ်းလာတာ၊ ခုအခြေအနေ သိရလို့ ဆက်သားလွှတ်လိုက်ပြီ၊ ကျုပ်တို့ က ဒီမှာ အဆင်သင့် စောင့်နေ ဖို့ပဲ'

'အမလေး နေပေါ့ကွဲ့၊ တည်းပေါ့၊ ဒီတဲမှာ ဒီတစ်ည နေဖို့ များအမေ့ပြောနေရသေးသလား၊ ကဲ ထမင်းစားပြီးကြပြီလား၊ အမေ မီးမွှေးရဦးမယ်၊ ထွန်းရွှေတော့ အိပ်ပါစေကွယ်။ ခမျာ မင်းတို့ ကို အစောကြီးကတည်းက သွားကြိုရတာ၊ အမေကိုယ်တိုင် ချက်ပြီးကျွေးမယ်၊ ကဲ သား တို့ လည်း အိပ်ချင်ရင် အိပ်ကြ၊ ထွန်းဦးအမေကိုယ်တိုင် ချက်ပြီးကျွေးမယ်၊ ကဲ သားတို့ လည်း အိပ်ချင်ရင် အိပ်ကြ၊ ထွန်းဦးရေ မင်း အဖော်တွေ ဆေး တစ်ရှူလောက် တည်ပါဦးဟဲ့၊ အမေ မီးမွှေးဦးမယ်'

'အဖော် မဟုတ်ဘူး အမေရေ၊ ရဲဘော်' ဟု ရဲဘော် တစ် ယောက်က အမေ့ကို ပြုံး၍ ပြောသည် ။

'အေးအေး အမေက မေ့တတ်သကွဲ့၊ ဟိုတစ်လောကလည်း အမေက ဒီလိုပြောဖူးလို့ ရဲဘော်တစ်ယောက်က သင်သွားသေးတယ်' ဟု အမေက မီးမွှေးရင်း ပြောသည် ။

'ကဲ ကဲ အမေ ဖယ်၊ ကျွန်တော်တို့ ဘာသာ ချက်မယ်၊ အမေ အေးအေး တုံးလုံးပက်လက် လှဲနေပါဦး' ဟု ထွန်းဦးက အမေအနား သို့ ရောက်လာကာ ပြောသည် ။

'နေပါစေကွဲ့၊ အမေချက်နိုင်ပါသေးတယ်၊ အမေက သားတို့ ကို ထမင်းကျွေးချင်နေတာ ကြာလှပြီဟေ့၊ အမေ့စေတနာတွေကို ပြချင်နေ တာ

ကြာလှပြီ။ အမေကိုယ်တိုင် ချက်မယ်'

'နေပါစေ အမေရ' ဟု ကျန်ရဲဘော်များကလည်း ထလာသော ကြောင့် အမေသည် မီးဖိုမှ ထပေးရလေသည် ။ သို့သော် အမေက အားမရသေးဘဲ အိုးထဲမှ ပြောင်းဆန်ကို ချင်ပေးကာ မလှမ်းမကမ်းမှ ထိုင်နေသော ရဲဘော်များ စကားပြောသံကို နားထောင်နေသည် ။

'ခုလို တပေါင်းလ ဂျပန်တော်လှန်ရေးတုန်းကပေါ့ဗျ' ဟု ထွန်းဦး က မီးဖိုဘေးတွင် ထိုင်နေသည့် ရဲဘော်တွေကို ကြည့်ရင်းပြောလိုက် သည် ။ ရဲဘော်များမှာ တစ်နေ့လုံး ရန်သူတွေကြားမှ ဖြတ်သန်းလာခဲ့ရ သဖြင့် ယခုမှ ဆေးလိပ်ကို အေးအေးဆေးဆေး ရှူနေကြသည် ။

'ကျုပ်က မြန်မာ့တပ်မတော် ဗိုလ်အောင်ဒင်ရဲ့ တပ်စိတ်နဲ့ တော် လှန်ရေးလုပ်ဖို့ တပ်ထဲက ပြန်လာတယ်၊ ဂျပန်တွေကလည်း ဟိုဘက်ကမ်းက ပြည်တော်မှာ စုနေကြတယ်။ မုံရွာဘက်က ဆုတ်လာတဲ့ ဂျပန်တွေရော အနည်းဆုံး ရှစ်ရာလောက်ရှိမယ်၊ ကျုပ်တို့ လည်း ခုလိုညမျိုးပေါ့ မှောင်လို့ ၊ ကျုပ်ရယ် ဗိုလ်အောင်ဒင်ရယ်၊ နိုင်ငံရေးခေါင်းဆောင်ကိုစောအောင်ရယ်၊ မြန်မာ့တပ်မတော် တပ်သားခြောက်ဆယ်လောက်ရယ်၊ ဒီနားရွာတစ်ဝိုက်က ပြောက်ကျား တစ်ရာလောက်ရယ်၊ ဂျပန်ကိုဆော်ကြတာ' ဟု ထွန်းဦးက ထမင်းအိုးဆီသို့ မျက်လုံးစူးစိုက်ရင်း ပြောသည် ။

'ဂျပန် ရှစ်ရာက ပြည်တော်ဘက်ကို ဘယ်သူမှ အကူးမခံဘူး ဗျ၊ ကျုပ်တို့ လည်း ဘယ့်နှယ်မှ မတတ်နိုင်ဘူး၊ ရှိတဲ့ လူအင်အားကလည်း ပြောက်ကျားပါနဲ့ မှ တစ်ရာ့ခြောက်ဆယ်လောက် ရှိတယ်။ လက်နက်က လည်း လူစေ့ရုံလောက်ပဲ ရှိတယ်။ ဒီကောင်တွေ ဘယ်ဘက်က ဆုတ် မယ်ဆိုတာလည်း မသိဘူး၊ ကြားရတာကလည်း ရှစ်ရာလောက် ရှိတယ် ဆို

တော့ ရှာ အတော်နာမှာ ပဲဆိုပြီး တိုက်ဖို့ စီစဉ်ပေမယ့် သတင်းစုံစမ်း လို့ မရတော့ အကြပ်ရိုက်နေရောဗျို့'

အမေကား သည် တုန်းက အဖြစ်အပျက်ကို ယခုတိုင် အမှတ်ရ နေ၏။ သား ထွန်းဦးမှာ ဂျပန်ခေတ်က မြန်မာ့တပ်မတော်တွင် လိုက်သွားပြီး ဂျပန်တော်လှန်ရေးကျမှ အမေနှင့် ပြန်တွေ့ရ၏။ ယခု သား ထွန်းဦး တပ်ထဲသို့ လိုက်သွားရာမှ ပြည်သူ့တော်လှန်ရေးတွင် တွေ့ကြ ပြန်ပေပြီ။

'ဒါနဲ့ ဗျို့၊ သတင်းစုံစမ်းလို့ မရတာနဲ့ ဘယ်သူ့လွှတ်ပြီး စုံစမ်း ရမှန်း မသိဘူး။ ဒီတဲထဲမှာ ပေါ့ဗျာ ကျုပ်တို့ တိုက်ဖို့ စီစဉ်ကြတာ ယောက်ျားကြီးကြီးမားမား လွှတ်ရင်လည်း သတ်ပစ်ပဲဗျ၊ ဒါနဲ့ ဘယ်သူ့ လွှတ်မလဲလို့ အကြပ်ရိုက်နေတုန်း ဟော အမေပေါ့ဗျာ၊ သူ သွားပါမယ် လုပ်ပါရော၊ ကျုပ်လည်း အံ့အားသင့်သွားတယ်၊ ဒါနဲ့ '

အမေက ထွန်းဦး၏ စကားကို ကြားဖြတ်ကာ 'အဲဒီတုန်းကများ ကွယ်၊ အမေကလည်း သွားချင်လိုက်တာ မပြောပါနဲ့ တော့၊ နဂိုကမှ အမေက စိတ်ထက်ထက်၊ ဒီဂျပန်ကောင်တွေကို စိတ်ပေါက်နေတာ အခန့် သင့်ပဲ' ဟု အမေက သူ့အဖြစ်ကို ရွှင်မြူးစွာ ပြန်၍ အောက်မေ့ရင်း ပြောလေသည် ။ အမေ၏ အသံသည် တက်ကြွတုန်ယင်လျက် ရှိသည် ။

'ဒါနဲ့ အမေက သူသွားမယ်ဆိုပြီး လုပ်တော့ သူ့ကို လွှတ်လိုက်ရောဗျို့၊ ညနေဆိုတော့ဗျာ အမေ့အဖို့ သွားရတာ မခက်ဘူးလား၊ ကြောက်လည်း ကြောက်စရာ မရှိဘူး မဟုတ်လား အမေ'

'ကြောက်ပေါင်ကွယ်၊ သာဝ နွားပျောက်တုန်းကတောင်မှ ငါ တစ်ယောက်တည်း နေဝင်ရီသရော ဟိုဘက်တောထဲ သွားရှာသေးတာ ပဲ၊ ဂျပန်ကို တိုက်ဖို့ ဆိုတော့ သာမကြောက်တာပေါ့ ဟီးဟီး' အမေ၏ အသံ

သည့် စကားလုံးတိုင်းပေါ်တွင် ခုန်ပေါက်ပြေးလွှားနေကာ ကြည်နူး စရာကို ပြန်၍ တွေးရသလို ခံစားနေရလေ၏။

'ဒါနဲ့ အမေ ဟိုဘက်ကူးပြီး ဆေးရွက်ရောင်းသွားဟန် ဆောင် ရတာပေါ့ဗျာ၊ ဆေးရွက်တောင်း နှစ်တောင်း လှေပေါ်မှာ တင်ပြီး အမေ လှော်သွားလိုက်တာ ကိုစောအောင်ကတော့ အမေ့အတွက် အဲဒီတုန်းက စိတ်ပူလိုက်တာလေ'

'အမေ အဲဒီတုန်းက တော်တော်မာသေးတယ်နော်' ဟု ရဲဘော် တစ်ယောက်က မေး၏။

'မာပြီကောကွယ်' ဟု အမေက ပြောရင်း သူတို့ အနားသို့ ထလာသည် ။ ပြီးမှ ဆက်၍ ...

'အမေလည်း လှော်ပြီး ကမ်းရောက်တော့ တောင်းလေး တစ်တောင်း ခေါင်းပေါ်ရွက်ပြီး တစ်လုံးကို ခါးထစ်ခွင်ပြီး ရွာထဲ ဝင်သွားတာ ပဲ၊ ရွာဝရောက်တော့ ဂျပန်က အမေ့ကို စစ်တယ်၊ ဒါပေမဲ့ အမေက လည်း ဘာမှ မပါတော့ ဂျပန်လိုပြောပြီး အမေ့ကို ရွာထဲ အဝင်ခိုင်းတာပဲ၊ ရွာထဲ ရောက်တော့ ဂျပန်တွေ အများကြီးရှိမလားလို့ စုံစမ်းတော့ ရွာတစ်ရွာလုံး မှာ နှစ်ရာကျော်ကျော်လောက်ပဲ ရှိမယ်။ ဒါနဲ့ အမေလည်း ချက်ချင်း ဟိုဘက် စည်းရိုးပေါက်က ငုံ့ထွက် လာပြီး လှေကို တက်သုတ်ရိုက်လှော် လာတာပဲ။ ပြီးတော့မှ သတင်းပေးတာပဲ' ဟု အမေက ပြောလိုက်သည် ။

'အမေ ဂျပန်ကိုရော မကြောက်ဘူးလား'

'အမေကလေ ဘယ်သူ့မှ မကြောက်ဘူး၊ အမေ့လည်း ရန်လုပ် မှာ မဟုတ်ဘူး ၊ ရန်လုပ်လည်း သေချင်သေပစေဟယ်ဆိုပြီး ဒီဂျပန်ကောင်တွေဆီ စိတ်ပေါက်ပေါက်နဲ့ သတင်းသွားယူတာပဲ'

'ဒါကြောင့် ကျုပ်တို့ ဒီပွဲမှာ ဂျပန်ကောင်တွေ အပြုတ်ဆော် လိုက်ရတာပေါ့ဗျာ' ဟု ထွန်းဦးက ပြောသည် ။

'အင်း ကျုပ်တို့ တစ်တွေလည်း တိုက်ပွဲတွေနဲ့ ဆက်တိုက် တွေ့နေရတာပဲနော်' ဟု ရဲဘော်တစ်ယောက်က ဆိုသည် ။

'ဒါပေ့ါဗျာ၊ တိုက်ပွဲတွေနဲ့ ဆက်တိုက်တွေ့မှ ကျုပ်တို့ ရဲ့ လွတ် မြောက်ရေးတို့ ငြိမ်းချမ်းရေးတို့ ရတော့မပေ့ါ'

ထမင်းစားသောက်ပြီး အတန်ကြာမှ ထွန်းဦးတို့ မနက်လင်းအားကြီးတွင် ရန်သူတပ်ကို ဝင်စီးရန် ထွက်သွားကြလေသည် ။ ထွန်းဦးသည် အမေကို အားရပါးရ ဖက်ကာ နမ်းပြီးနောက် အမေ့ကို ကန်တော့လေ သည် ။ သူ့ရဲဘော်များကလည်း အမေ့ကို ကန်တော့လေသည် ။

'ငါလည်း ဂျပန်တိုက်တုန်းကလို ကင်းထောက်ပေးချင်သကွယ်၊ မျက်စိများကလည်း မှုန်လွယ်ရန်ကော' ဟု အမေက မျက်စိကို အပြစ် တင်နေသည် ။

'ကိစ္စမရှိပါဘူး အမေ၊ အေးအေးသာနေပါ'

'ကဲ ကဲ ငါ့သားကြီးများ တိုက်ပွဲအောင်ပါစေတော်၊ အောင်ပါ စေ' ဟု အမေသည် ဝမ်းနည်းသလို ဝမ်းသာသလို အသံနှင့် ဆုတောင်း ကာ အမှောင်ထဲတွင် ပျောက်ကွယ်သွားသည့် ထွန်းဦးတို့ အသိုက်ကို ငေးကြည့်ရင်း ကျန်ရစ်လေသည် ။

ည မှာ မှောင်ပိန်းနေ၏။ ကြယ်ပွင့်တို့ သည် ဝိုးတဝါးသာ လက်နေကြ၏။ သန်းခေါင်ကျော် ကြက်တွန်လေပြီ။ အမေသည် မအိပ်ချင်သေးဘဲ ကွပ်ပျစ်ပေါ်တွင် ခေါင်းအုံးကို ရင်အောက်မှ ခံကာ အလျားမှောက်ရင်း ဆေးလိပ်သောက်လေသည် ။ အမေသည် သူ့သား၏ ခံ့ ညား

သည့် မျက်နှာထားကို မြင်နေ၏။ သူ့သား၏ စကားများကြောင့် ပီတိဟုန်ကြွကာ ဂုဏ်တက်သလိုတောင် ဖြစ်ရပါသေး၏။ အမေသည် ဟိုရောက် ဒီရောက်နှင့် ရောက်ရာရာကို တွေးနေလေသည်။

အမေ၏ ရင်ထဲမှာ ဝမ်းသာရမလို လွမ်းရမလို ခံစားမှုသည် ကသောင်းကနင်းဖြစ်ကာ လှုပ်ရှားနေလေ၏။ သည် လိုနှင့် အမေသည် တွေးချင်ရာတွေးနေသည် မှာ အဝေးမှ သေနတ်သံကိုကြားမှ လန့်နိုးလာ သည်။ အမေသည် ဆေးပေ့ါလိပ်တိုကို လက်မှ ကိုင်ကာ တဲပေါက်ဝမှ အပြင်သို့ လှမ်းကြည့်လေသည်။

သေနတ်သံများ သည် တစ်ခါတစ်ခါ ပေါ်လိုက်ပျောက်လိုက်နှင့် ဖြစ်နေသည်။ တစ်ချက် တစ်ချက်တွင် ညာသံကိုလည်း ကြားရသည်။ သေနတ်သံကြားပြီးသည့် အခါတွင် မီးရောင်များ သည် လျှပ်စီးလက်သလို အနောက်ဘက်တောအုပ်ကလေးပေါ်တွင် ဝင်း၍ လက်၍ သွားလေသည်။ အမေသည် ဆေးလိပ်ကို ထိုင်သောက်ရင်း တဲပေါက်ဝမှ နေကာ အပြင်သို့ တစ်ညလုံး ထိုင်ကြည့်နေလေသည်။ သည် လိုနှင့် အမေ မမြင်ရသည့် တိုက်ပွဲမှာ တစ်ညလုံး တိုက်ရာ ကြက်ဦးတွန် အချိန်တိုင်လေသည်။

ကြက်တို့ သည် တောင်ပံဖျတ်ဖျတ်ခတ်ကာ ကမ္ဘာလောကကို ကျေနပ်ရောင့်ရဲဟန်ဖြင့် တွန်ကြလေသည်။ တိုက်ပွဲနှင့် ဝေးဟန်တူသည့် ရွာတစ်ရွာမှာ ကုလားတက်ခေါက်သံများကို ကြားရလေသည်။

မကြာမီ ဝေးဝေးမှ သစ်ရွက်ခြောက်ပေါ်တွင် လှမ်းလာသည့် ခြေသံများကို ကြားရလေသည်။ အမေသည် တဲထဲသို့ ပြန်ဝင်ကာ ရေနံ ချေးမီးခွက်ကို မြှောက်ပြီး အပြင်ဘက်သို့ ကြည့်လေသည်။ အမေ၏ မှုန်သီပြာမွဲသည့် မျက်လုံးတို့ မှာ အမှောင်ကို မဖောက်ထွင်းနိုင်။ ထို့

ကြောင့် အမေသည် မီးအိမ်ကို မျက်နှာနားထိ မြှောက်ကာ ကြည့်ပြန် သည် ။

စစ်သား သုံးလေးယောက်နှင့် အရပ်သားတစ်ယောက်သည် အမေ့ဘက်သို့လာလျက်ရှိသည် ။ အနားရောက်မှ အရပ်သားမှာ သားငယ် ထွန်းရွှေ ဖြစ်လေသည် ။ စစ်သားသုံးယောက်သည် ဒဏ်ရာ ရသူကို ပွေ့လာကြသည် ။ ထွန်းရွှေက လမ်းပြလာဟန် တူ၏။ အမေသည် သူတို့ ကိုတွေ့လျှင် တွေ့ချင်း ဘာကိုမျှ သတိမရနိုင်ဘဲ 'လာ လာ အထဲဝင် ကြ၊ ဘယ့်နှယ်တုံး နိုင်ခဲ့ကြရဲ့ လား' ဟု တီးတိုးလေသံဖြင့် ဖိတ်ခေါ် လေသည် ။

တဲထဲသို့ ရောက်သည့် အခါတွင် မူကား အမေ၏ မှေးမှိန်သည့် မျက်လုံးတို့ သည် တောက်ပလာသည် ။ အမေ၏ မျက်လုံးချိုင့်ချိုင့်တို့ သည် ပြူးထွက်လာသည် ။

ထွန်းဦးသည် ရင်ဘတ်တွင် ဒဏ်ရာကြီးဖြင့် အမေကိုနှုတ်ဆက် သလိုမျက်လုံးကို မှိတ်ထားသည် ။ ထွန်းဦး မျက်နှာသည် ဖြူ၍ နေသည် ။

'ကျည်သင့်သွားတယ် အမေ' ဟု ရဲဘော်က တစ်လုံးချင်း ပြောသည် ။ ထွန်းဦးအလောင်းကို ပွေ့လာသည့် ရဲဘော်တို့ သည် အမေ့ ကို ဒါပဲပြောကြသည် ။ ထွန်းဦး၏ မျက်နှာကိုသာ မပြတ်သော မျက်လုံး အစုံဖြင့် ကြည့်နေကြလေသည် ။ သူတို့ ၏ မျက်နှာသည် တင်းမာခက် တရော်နေကာ အံကြိတ်ထားကြသည် ။

အမေသည် 'သား သား ထွန်းဦး' ဟု သာ ခေါ်နိုင်ကာ ထွန်း ဦးအလောင်းကို ပြေး၍ ဖက်ထားသည် ။ ပူနွေးစေးကပ်သည့် ထွန်းဦး ရင်ဘတ်မှ သွေးတို့ သည် အမေ့ရင်ကို နွေးလာစေသည် ။ 'သား သား' ဟု ခေါ်ပြန်သည် ။

သို့ရာတွင် ထွန်းဦးကား ထူးဖော်မရတော့ပြီ။ ထွန်းဦး၏ သွေး အစ

က်စက်သည် ငြိမ်းချမ်းရေး တိုက်ပွဲတွင် မြေအလွှာပေါ် ဖြာကျခဲ့ပေ ပြီ။

အမေသည် ထွန်းဦးမျက်နှာကိုသာ စေ့စေ့ကြည့်၍။ ငိုလည်း မငိုမိ၊ ရှိုက်လည်း မရှိုက်မိ။

သို့သော် အမေသည် သွားမရှိတော့ပြီဖြစ်သော အံကို ကြိတ်ကာ…

'အဲဒါ သားပြောတဲ့ ငြိမ်းချမ်းရေးအတွက် တိုက်တဲ့ တိုက်ပွဲမှာ ရတာကွဲ့၊ သားနဲ့ အတူ မနေရတဲ့ ငါ့အဖို့ တော့ ဘာမှ မရှုံးဘူး သားနဲ့ အတူတူ နေရတဲ့ ရဲဘော်တွေတော့ ရဲဘော်တစ်ယောက် ဆုံးရှာပြီ။ သား ရယ်၊ စိတ်မပျက်နဲ့ ကွဲ့၊ သားသေရင် သားရဲဘော်တွေက ဒင်းတို့ ကို လက်စားချေလိမ့်မယ်'

အမေ၏ မျက်လုံးသည် အရည်လဲ့လာကာ ခဏကြာမှ မျက်ရည် ပေါက်ကြီးနှစ်ပေါက်သည် သား၏ မျက်နှာပြင်ပေါ်ဝယ် လျှောကျလိမ့် ဆင်းသွားလေသည် ။ အမေ၏ မျက်ရည်နှစ်စက်မှာ တစ်စက်က မခံမရပ် နိုင်စွာဖြင့် ငြိမ်းချမ်းရေးကို တမ်းတသည့် မျက်ရည်ဖြစ်၍ တစ်စက်မှာ သားကြီး ထွန်းဦးအတွက် ဖြစ်လေသည် ။

အရှေ့တွင် အရုဏ်သည် လူးလွန့်၍ လာပေပြီ။ ကြယ်နီသည် အရှေ့ဘက်တောရိပ်မှ ခေါင်းပြူကာ ကြည့်လေပြီ၊ နွေဦးအရုဏ်၏ လေ ပြည်အသုတ်ကား သရက်ပွင့်နံ့များ သည် ကြိုင်၍ နေကြလေသည် ။

အမေသည် ငေးစိုက်နေသည့် ရဲဘော်များ နှင့် သားငယ် ထွန်း ရွှေကို လှည့်ကြည့်ပြီး ရေရွတ် လိုက်လေသည် ။

သားပြောတာ ဟုတ်သတဲ့ ။ ငြိမ်းချမ်းရေးအတွက် တိုက်ရတာ ငြိမ်းချမ်းမှ ငြိမ်းချမ်းမှ ။

(လင်းယုန်ဂျာနယ် ၁၉၅၁)

* * *

## ထန်းယည်နင်းချိန်

ထန်းယည်နင်း

ပေါက်ကင်းတဲ့ လဲ့ငုံ၊

ဇရက်ကယ် သာရကာနှင့် ၊

ရော်ရွက်ဝါ တမာနု၊

လွှမ်းသူ့ပူပုံ။ ။

(ဦးကြင်ဥ)

မဖွားခင်သည် ထန်းလျက်တောင်းကို ရွက်ကာ၊ ကြောင်ကန် ရွာဘက်သို့ သွားလျက်ရှိလေသည် ။ သူသွားနေသည့် လမ်းမှာ လူသွား လမ်းလေးဖြစ်သဖြင့် ခြေရာတို့ ထပ်၍ နေလေရာ လမ်းမှာ ဖုံ၍ နေ၏။ ဘေးတစ်ဖက်တစ်ချက်ရှိ သပြေပင်တောကလေးမှာ လည်း ဖုန်အလိမ်းလိမ်း ကပ်နေသဖြင့် ကြည်ကြည်လင်လင် မရှိလှ။ သပြေတောအစွန်းတွင် အလေ့ကျပေါက်နေကြသည့် ကြောင်ပန်းချုံ၊ ဆူးရစ်ခြုံများ သည် လေ အလာတွင် သစ်ကိုင်းချင်းပွတ်သံကို ကြားရလေသည် ။ ဆူးရစ်ချုံများမှာ အပွင့်တွေ တဝေဝေနှင့် ရှိသည် ။

'အင်း...ဒါကြောင့် ကိုးတော့၊ ဒီနှစ် မိုးခေါင်တယ်သာ ပြောရတာ ဆူးရစ်တွေ ဒီလောက်ပွင့်နေတာ ဘယ့်နှယ်လုပ် ရွာနိုင်ပ့ါမတုံး။ အေးလေ၊ လူကြီးသူမပြောစကားများ တယ်မှန်သဟဲ့။ ထနောင်းကြောင်ချစ်၊ ဆူးရ

စ် ပွင့်ကာ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်းတဲ့ ' ဟု မဖွားခင်က ဆူး ရစ် ချုံတွေ ကြည့်ရင်း စိတ်ထဲမှ ရွတ်ဆိုလာ၏။

ဆူးရစ်ချုံများ ၏ တောင်ဘက်တွင် ကား ရင်းတိုင်းတောင်ကျ ချောင်းမှ သဲဖြူလွလွတို့ သည် သစ်ကိုင်းတွေ သစ်ရွက်တွေကြားမှ ချော င်း ကြည့်နေသည် ဟု မှတ်ထင်ရလေသည် ။

အရှေ့တွင် ကား သစ်ကြီးဝါးကြီး မရှိသဖြင့် ခြောက်သွေ့သွေ့ဖြစ် နေသည့် ရင်းတိုင်းတောင်သည် ညိုပြာပြာဖြူ စောင်ကို ခြုံ၍ မှိန်းနေသ ည် ။ 'တစ်ခေါ်ခန့်' အကွာရှိ ထန်းလျက်တဲစုမှ ခွေးဟောင်သံ၊ မြူအိုး ကောက် ရင်း တေးဆိုသည့် အသံပလံတို့ သည် လေအဝှေ့တွင် မျောပါ လာကြ သည် ။

ဟိုအဝေးတွင် ကြောင်ကန်ရွာသည် သရက်ပင်များကြောင့် မှိုင်း မှို င်းရိပ်ရိပ်သာ မြင်ရလေသည် ။

မြူအိုးဖုတ်သည့် တဲမှ မီးခိုးတို့ သည် အတွန့်တွေ၊ အလိပ်တွေ ထ ကာ အထက်သို့ တဝေ့ဝေ့ လွင့်ပါးနေကြသည် ။ ထန်းတက်သမား၏ အ သံဝါဖြင့် အော်လိုက်သည့် တေးသံကိုလည်း ကြားရလေသည် ။ ထန်း သမားက ထန်းနို့လှီးကာ၊ ညနေပိုင်းတွင် မြူအိုးဖြင့် ထန်းရေခံခဲ့ပြီး နောက်တစ်နေ့ ညနေကျမှ ထိုထန်းရည်ခံခဲ့သည့် မြူအိုးကို ထန်းပင်ပေါ် မှ ချခဲ့ကာ၊ အခြားတစ်ပင်သို့ ရင်းတောင်ကို ကိုင်၍ တစ်ပင်မှ တစ်ပင် သို့ လှည့်လည်သွားစဉ် နောက်က မြူအိုးများကို လိုက်သိမ်းရသည် ။ အ ညာထန်းတောများ တွင် ညနေပိုင်း၌ မြူအိုးကောက်သူတို့ ၏ တေးသံများ လွမ်းဖွယ်ပင် ဖြစ်လေသည် ။

မဖွားခင်မှာ အသက် ငါးဆယ်ခန့်ရှိပြီ ဖြစ်၏။ သူ၏ ဆံပင်တို့ သည် ငွေရောင်တစ်ဝက် ရောနေသည် ။ မျက်ခမ်းတို့ သည် ခပ်စပ်စပ်ဖြစ် ကာ

ကြည့်လျှင် မှုန်သီမွဲပြာသည့် မျက်လုံးအစုံဖြင့် အတော်အားစိုက်၍ ကြ ည့်ရ၏။ ပါးရေတို့ မှာ မျက်ခမ်းအောက်နားမှ ပါးအထိ အရေတွန့်ကြော င်း လေးများ အရစ်ရစ်သန်းလျက် ရှိလေသည် ။

မဖွားခင်တို့ တစ်မျိုးလုံးမှာ ထန်းသမားမျိုးသာ ဖြစ်လေသည် ။ ထန်းလျက်တဲတွင် မွေးဖွားကာ၊ ထန်းလျက်တဲတွင် ကြီးပြင်းလာကြ သဖြင့် သူတို့ ၏ လောကသည် ထန်းတောနှင့် ထန်းလျက်ဝယ်သည့် ရွာ သားများ သာ ဖြစ်၏။ မဖွားခင်၏ ယောကျ်ား ကိုညစ်မှာ ထန်းသမား ဖြ စ်သည် ။ သား ညိုမောင်၊ ညိုရောင်၊ မောင်ကြီး၊ သမီး မိတုတ်၊ မိဆုတ် တို့ လည်း ထန်းသမားသားသမီးများ နှင့် သာ အိမ်ထောင်ပြုကြလေ သ ည် ။ ထို့ကြောင့် မဖွားခင်၏ အိမ်ထောင်သည် ထန်းတက်သမားအိမ် ထောင်စုသာ ဖြစ်လေသည် ။

သို့သော် မဖွားခင်အိမ်ထောင်မှာ ထန်းတက်သမား အိမ်ထောင်စု သာဖြစ်သော်လည်း ထန်းပိုင် ယာပိုင် မဟုတ်ပေ။ အညာထန်းတက်သ မား များမှာ ကိုယ့်ထန်းကိုယ့်ယာ စသည့် ဘိုးဘွားပိုင်ထန်းကို တက်သူန ှင့် သူများ ထန်း သူများ ယာကို လုပ်ကိုင်သူဟု ရှိလေရာ မဖွားခင်တို့ မှာ ဒုတိယတန်းက ဖြစ်လေသည် ။

မဖွားခင်တို့ မှာ မြို့မှ ဦးသာအေး၏ ထန်းကို လုပ်ရသည် ။ သားညို မောင်၊ ညိုရောင်တို့ ကလည်း သူများ ထန်းကို အငှားလုပ်ရလေ သည် ။

မဖွားခင်တို့ အသိုက်မှာ မနက်လင်းလာလျှင် မြူအိုးဖုတ်၊ နေ့လယ် တွင် ထန်းလျက်ကျို၊ ထင်းခွေ၊ ညနေပိုင်းတွင် မြူအိုးကောက် စသည့် အ လုပ်နှင့် သာ တစ်နေကုန်ရလေသည် ။ မဖွားခင်မှာ သူတို့ ထဲ တွင် အား လုံးအတွက် တာဝန်ယူရလေသည် ။ ကိုညစ်မှာ လင်သား ယောကျ်ား သာ ဆိုသော်လည်း ၊ မနက်လင်းလာလျှင် ထန်းတက်၊ ထန်း လှီး၊ နေ့လ

ယ်ပိုင်းဆိုလျှင် အနီးချုပ်စပ် တဲနီးနားချင်း နှံ့အောင်လည်ပြီး ကြက်တိုက်လေသည် ။ ညနေပိုင်းကျလျှင် ကြက်တိုက်ရာမှ ပြန်လာကာ တေးတကျော်ကျော်နှင့် မြူအိုးချပြီး ပင်ကျရည်လေးတမြမြနှင့် စောစော စီးစီး အိပ်ပျော်သည် သာ များ လေသည် ။

မဖွားခင်မှာ မနက်လင်းလာလျှင် ကိုညစ်ကို ထန်းလှီးရအောင် နှိုးရသည် ။ ညက တဲနီးနားချင်းတွင် ညဥ့်နက်သန်းခေါင် လည်တတ် သည့် ညိုမောင်တို့ ညိုရောင်တို့ ကို နှိုးရ၏။ ညိုမောင်တို့ ညိုရောင်တို့ မှာ တဲနားက ကိုဘိုးဆောင်၏ သမီး အေးကြိုင်တို့ ၊ ငွေခင်တို့ ဆီသို့ လည်လေ့ရှိသည် ။ နောက်သူတို့ ကို နှိုးပြီးလျှင် မနက်စာအမီ ပြန်နိုင်အောင် ပြု၍ ထန်းပိုင်ယာပိုင်တို့ ထံ ထန်းလိက်ပို့သွားရသည် ။ ပြန်လာလျှင် ထန်းလျက်ကျိုရသေးသည် ။ ထန်းလျက်ကျိုသည့် အလုပ်မှာ လည်း မဖွားခင်လို ထန်းတောထဲတွင် မွေးသည့် ထန်းတောသူမို့သာ လုပ်နိုင် သည် ဟု ဆိုရပေမည်။ ထန်းလျက်ဖိုပေါ်တွင် မီးတောက်တောက်ထိုး၍ အစီအရီ တည်ထားသည့် ထန်းလျက်ကျိုသည့် အိုး ခြောက်လုံးခန့်ကို ထန်းလက် ယောက်မဖြင့် တစ်အိုးပြီး တစ်အိုး အပြန်အလှန်မွှေရသည် မှာ ချွေးတပြိုက်ပြိုက် ဖြစ်နေသည် ။

ထန်းလျက်မှာ ထန်းရည်ကို ပျစ်ခဲလာအောင်ကျိုရသဖြင့် အနည်း ငယ်ပျစ်ခဲလာလျှင် 'ထန်းလျက်ကျ' သည် ဟု ခေါ်သည် ။ ထန်းလျက် ကျလျှင် ထန်းလျက်ပူပူကို ယောက်မဖြင့် ကော်ပြီးလုံးကာ ဗန်းထဲတွင် ထားရသည် မှာ လည်း နေ့စဉ်နှင့် အမျှဖြစ်သည် ။ ညနေပိုင်းဆိုလျှင် သား သမီးဘုစုခရုတွေကို မြူအိုးကောက်ခိုင်းထားပြီး ရွာနီးချုပ်စပ်၊ ကြောင် ကန်၊ ဆားထုံးကွယ်၊ ဇီးဖြူပင်၊ ရွာများ သို့ သွား၍ ထန်းလျက် ရောင်း ရသည် ။ ထန်းလျက်ကောင်းလျှင် ထန်းလျက်ကို သရေစာလုပ်၍ စား ကြသည် ။ မြို့ဈေးသို့ တက်၍ ရောင်းရသည် ။ ထန်းလျက် ညံ့လျှ

င် ထန်းလျက်ကောက်သည့် ကုန်သည် များ ထံ တစ်ဆယ်လျှင် နှစ်ကျပ်ခွဲ ဈေးနှင့် သွင်းရလေသည် ။

မဖွားခင်သည် ထန်းလျက်တောင်းကို ရွက်ကာ ခပ်သုတ်သုတ် လျှောက်လေသည် ။ နေသည် ထန်းပင်များ အောက်သို့ လျှောကျသွား လေပြီ။ ထန်းတက်သမားတို့ ၏ စကားသံ မြူအိုးကောက်သူတို့ ၏ ခေါ်သံ တို့ သည် လေအလျဉ်တွင် ဝေ့စိုက်မျောပါလာကြလေသည် ။

ထန်းဆော်လေအသုတ်တွင် ထန်းပင်တို့ မှ ထန်းရွက်တို့ သည် ယပ်ခပ်သလို ယိမ်းလှုပ်နေကြလေသည် ။ အဝေးမှ ဆည်းဆာချိုးဖြူ၏ ကူသံကိုလည်း ကြားရသည် ။ လက်ကလေးတစ်ဘက်မှ သရက်ခြံမှ သရက်ပွင့်တို့ လေ၏ ရနံ့မှာ မွှေးပျံ့လျက်ရှိသည် ။

'ကဲ ကဲ မိမှုံတို့ ... အညှက်ဝယ်ယူဦးမလား... ဟော့... အညှက်...'ဟု မဖွားခင်က ရွာစည်းတံခါးကို ဝင်လျှင်ဝင်ချင်း လှမ်း၍ မေးလိုက်သည် ။ အညာရွာများမှာ ရွာကို ထနောင်းဆူးဖြင့် ပတ်ပတ်ရံကာ ကာထားလေ့ရှိသည် ။

'အညှက်ဟော့... အညှက် ယူကြဦးမလား...' ဟု မဖွားခင်က ဒုတိယမွှလှမ်း၍ အော်လေသည် ။ ညနေဆည်းဆာချိန် ဖြစ်၍ အိမ်သူတို့ မှာ ချောင်းသို့ ရေခပ်ထွက်နေဟန် တူ၏။

'အရီးခင်တို့ များ တော်... လာမှ လာသေးသကိုး' ဟု တစ်အိမ် မှ လှမ်း၍ ခေါ်သည် ။ မဖွားခင်သည် တန်းတန်းမတ်မတ်ပင် အသံကြားရာသို့ ဝင်သွားသည် ။ အိမ်ဟု သာဆိုရသော်လည်း ထန်းလက်မိုး ထန်းလက် ကာထားသည့် တဲကလေးမျှသာ ဖြစ်လေသည် ။

မဖွားခင်က ခေါင်းပေါ်မှ ထန်းလျက်တောင်းကို အောက်သို့ချရင်း တဲထဲသို့ ငုံ့ဝင်လိုက်တာ 'လာပဲ မလာအားပါဘူးအေ... အညှက်ကောက်

လာလို့ အညှက်လိုက်စုနေရတာနဲ့ ခုတစ်လော ဘာမှ မလုပ်အားဘူး ကွဲ့ ... အရေးထဲ ကိုရင်ညစ်က ဘိုးလွှားတို့ တဲက ခွေးကိုက်ခံရလို့ သုံးလေးရက်လောက် လမ်းမလျှောက်နိုင်ဘူး...' ဟု ပြောသည် ။

'ကိုက်ပြန်ပလားတော့... ဒီခွေးက' ဟု ပန်းဇီက မန်ကျည်း ရွက်နု သင်ရင်း မဖွားခင်ကို လှမ်းပြောသည် ။

တဲထဲတွင် ကား ပန်းဇီတို့ လင်မယား အိပ်ဟန်တူသည့် ဝါးကွပ် ပျစ်အိုတစ်လုံး၊ ဖျာတစ်ချပ်နှင့် ထုတ်တွင် လျှော်ဖြင့် ဆိုင်းထားသည့် ညောင်ရေအိုးတစ်လုံးသာ ရှိလေသည် ။ ချုပ်ရိုးပြေနေသည့် ခေါင်းအုံးမှ လဲမှို့များ သည် ညစ်ထေးသော ဖျာစုတ်ပေါ်တွင် ပြန့်ကျဲနေကြသည် ။ တဲခြေရင်းပိုင်းတွင် မူ မြေအိုးသုံးလုံး ဖိုခလောက်ဆိုင်ထည့်ထားသည့် မီးဖိုတစ်လုံးရှိ၏။ ပြာများမှာ မီးဖိုအနီးအနားတစ်ဝိုက်တွင် မွမွကြဲကာ ထန်းလက်ကြားမှ လေတိုးသည့် အခါတွင် ပြာစပြာနတို့ သည် လွင့်စဉ်နေ ကြသည် ။ တဲပေါက်ဝကိုဝင်လိုက်လျှင်ပင် တဲရှိပစ္စည်းမှန်သမျှကို တစ်ခဏချင်း ခန့်မှန်းနိုင်လောက်အောင် ထုတ်ချင်းပေါက် ဟာလာဟင်းနေသည် ။ ကွပ် ပစ်ဘေးတွင် မူ ရေနံချေးမီးခွက်သည် လဲနေကာ ရေနံချေးများ သည် ဟောင်းနွမ်းနေသည့် 'မဂလ်သုတ်အနက်' ဆိုသည့် စာအုပ်ပေါ်တွင် စွန်းထင်းလျက်ရှိလေသည် ။

'ဘယ့်နှယ့်တုံး အရီးခင်ရဲ့ ...လုပ်လို့ ကိုင်လို့ ဟန်ကျရဲ့ လား...'

မပန်းဇီက ပြောင်းဖူးဖက်လိပ်ကို မီးစဖြင့် ညှိကာ လှမ်းမေးလိုက် ရင်း ပေးလိုက်သည် ။

'ဟန်ပါဘူးအေ၊ ညည်း ဘဒွေးညစ်ကလည်း ထန်းသာတက် ဖော်ရတာအေ့။ လုပ်ရ ကိုင်ရတာက ငါတစ်ယောက်တည်း ဒိုင်ခံလုပ်နေရတော့ ပင်ပန်းသလောက်လည်း အကျိုးမရှိဘူးအေ့။ မသေရုံ မငတ်ရုံပဲ၊

ဒီအထဲ ဦးသာအေးက အစုနည်းလို့ တဲ့ အေ...ဒီနှစ်တို့ ကို အငှားမချနိုင်ဘူး။ ဒီပြင် လူကို အငှားချတော့မယ်လို့ စကားပြောနေလို့ ...'

'သူက ဘယ်သူ့များ အငှားချမလို့ တဲ့ တုံး အရီးခင်ရယ်၊ ဒီလူ တွေ ဒီထန်းလုပ်လာတာလည်း အရိုးရင့်လှပါပြီ' ဟု ပန်းဇီကပြောကာ ထမင်းအိုးကို ယောက်မဖြင့်မွှေနေသည် ။

'သိပေါင်တော်၊ ဘယ်သူ့များ အငှားချမလို့ လဲ မသိပါဘူး၊ တို့ လောက် သူ့အနွံအတာခံတာ ရှိဦးမလားအေ့၊ လုပ်စရာ အိမ်မိုး ပေးပါ ဦးဆိုလည်း တို့ ပဲ၊ တောမြေစုကောက် သွားချင်တယ်ဆိုလဲ တို့ ပဲ၊ လှည်း လိုက်ပေးတာပဲ၊ လောဘကလည်း သတ်ပဲသတ်နိုင်ကြမှာ မဟုတ်ဘူး ထင်ပါရဲ့ အေ။ ထန်းတောတွေ မြေစုတွေရတာကလည်း ဝက်ဝက်ကို ကွဲရော၊ ဒါတောင်မှ တို့ အစုပေးတာက နည်းသေးသတဲ့ ' ဟု မဖွားခင်က စိတ်ထဲတွင် ပြည့်ကျပ်နေသည့် မကျေနပ်မှုအစိုင်အခဲကို ဖွင့်ပြောရသည် ။

'ဒီလိုပဲ တော်ရေ့၊ ဒီလိုချည်းပဲ၊ ကျုပ်တို့ အိမ်က လူများ လုပ် နေတဲ့ တောရကျောင်းမြောက်ဘက်က ယာကလေး ကြည့်ပါလားတော့၊ ယာရှင်တို့ ဆိုးပုံက ဒီနှစ်မြေစုရတာ နည်းတယ်ဆိုပြီး အနောက်တော က ဘိုးစတို့ ကို အငှားချလိုက်လို့ ဒီနှစ်များ ဟိုဆီးဖြူပင်အနောက်က ကိုအင်ကြင်းရဲ့ ယာမှာ သွားလုပ်ရတယ်။ လုပ်သာ လုပ်ရတယ် စိတ်ပျက် စရာပါတော်၊ ကိုအင်ကြင်းကလည်း သုံးဖို့ နှစ်ဖို့ မြေစုပေးရမတဲ့ ကြည့်ပါ ဦး။ မြေခွန်လည်း တစ်ဝက်ဆောင်ရသေး မြေစုလည်း သုံးဖို့ တစ်ဖို့ ပေး ရသေးတယ်။ ပြီးတော့ ကိုယ့်နွားနဲ့ ကိုယ်လည်း လုပ်ရသေးတယ် ၊ ဘာ သွားစားမှာ တုံးတော့၊ ကျုပ်ဖြင့်လေ တစ်ခါတလေ သေချင်စိတ်တောင် ပေါက်မိတယ် သိလား။ ဒီအထဲ တစ်လောက ပဲဈေးကလည်း ကျသွား လိုက်တာ ပြောပဲပြောချင်ပါဘူး...'

'ပဲဈေးကျတော့ ကိုဆိုးပုံတို့ ကိုအင်ကြင်းတို့ ကတော့ သူတို့ ပဲတွေ ဈေးမကိုက်လို့ မရောင်းချင်နေနိုင်တာပေါ့တော့။ ပဲကို တိုက်ထဲ လှောင်ထားလိုက်ရင်ပြီးတာပဲ။ ကျုပ်တို့လိုကျတော့ ဒီပဲကလေး ရောင်းပြီး စားရမှာ ၊ ပဲဈေးကျသွားတော့ ဘယ်နှယ့်လုပ်မလဲ' ဟု ပန်းဇီက စိတ်ထဲ တွင် မကြိတ်နိုင် မမျိုနိုင်သည့် ဒေါသအစိုင်အခဲကို အဖော်တွေ့နေသဖြင့် အရီးခင်ကို ဖွင့်ပြောလေသည် ။

ကွပ်ပျစ်ပေါ်ရှိ ကလေးများ နိုးလာသဖြင့် တစာစာ ငိုနေသည် ။ ပန်းဇီက ထမင်းအိုးကို ငှဲ့ချလိုက်၍ ကလေးကို သွားချီကာ မြေကြီးပေါ် တွင် ဖင်ထိုင်ချလိုက်ပြီး ထမီရင်ရှားကို ဖြုတ်ကာ နို့တိုက်နေသည် ။

'ခုဆိုရင် ပဲလုပ်တာလေးနဲ့ မစားလောက်လို့ ကိုဘလွန်းက လှည်းလိုက်ရသေးတယ် အရီးခင်ရဲ့ ၊ ခမျာလည်း မောရှာပါတယ် အရီးခင် ရယ်။ မြေပဲလုပ်ချိန်ကျရင် ထွန်ကြဲရ၊ ပေါ်ချိန်ကျရင်လည်း အလုပ်မအား ဘူး၊ ပဲပေါ်တော့လည်း လှည်းလိုက်ရနဲ့ ' ဟု ပန်းဇီက လှည်းအငှားလိုက် သွားသည့် သူ့ချစ်လင် ကိုဘလွန်းကို တသသလွမ်းသည့် စိတ်ဓာတ်ဖြင့် ပြောသည် ။

အညာယာသမားများမှာ ထွန်ချိန်ယက်ချိန်ကျပြီဆိုလျှင် ထရေး (ထွန်ရေး)ကို အထပ်ထပ်အပြန်ပြန် ဆွဲနေရသည် နှင့် ယာကွက်ထဲတွင် သာ အချိန်ကုန်လေသည် ။ မြေနီနီပေါ်တွင် ထရေးကြောင်း (ထွန်းရေးကြောင်း) တို့ သည် အတွန့်အကွေးအလိမ်တို့ ဖြင့် သွားကာ ယာစည်းရိုးတွင် ဆုံ သွားကြ၏။ သည် ထရေးကြောင်း (ထွန်ရေးကြောင်းထဲတွင် ) ပဲစေ့ များကို ကြဲလေသည် ။ မြေပဲကြဲပြီးနောက် အပင်လေးတွေ ပေါက်လာပြီဆိုလျှင်ပင် ယာကွက်သည် ပန်းတွန့်ပန်းခက်တွေ ခြယ်ထားသည့် ကော်ဇောကြီးနှင့် တူနေလေသည် ။ ဒါကိုကြည့်ပြီး ရှေ့နှစ်အရေးကို

တွေး၍ ပီတိဖြစ်ကြ သည် ။

ယခု မြေပဲပေါ်ချိန်ပင် ကုန်ခဲ့ပြီ။ ညတိုင်လျှင် မီးခွက်ကလေး တွေ ကိုယ်စီထွန်း၊ စကားတပြောပြောနှင့် ပဲထုကြသည် ။ ပဲထုချိန်ပင် ကုန် လေပြီ။ မြေပဲရိုးများ ပင်လျှင် နွားစာအဖြစ် စားခေါင်းထဲသို့ ရောက်ကုန် ကြလေပြီ။

'ဒီလိုပေ့ါအေ ပဲပေါ်ပြီးလည်း လှည်းလိုက်ရဦးမှ ပေ့ါ၊ နို့မို့ရင် ငတ်များ သေရချေရဲ့ ' ဟု မဖွားခင်က ကွမ်းရွာဆေးရွက်ကို တမြုံ့မြုံ့ငုံ ရင်း ပြောသည် ။ တစ်ခါ တစ်ခါ ဗျစ်ခနဲ ဗျစ်ခနဲ လှမ်း၍ လည်း တံတွေး ထွေး လိုက်၏။

'ငါဖြင့်အေ ဒီအသက်အရွယ်ရောက်မှ သွားရလာရတာကလည်း ဖ တ်ဖတ်ကိုသီလို့ ၊ တို့ တစ်အိမ်သားလုံးလည်း နားရတယ် မရှိပါဘူးဟဲ့' ဟူ၍ မဖွားခင်က နောက်ဆက်တွဲ ညည်း လိုက်လေသည် ။

မဖွားခင်တို့ အဖို့ မှာ ဒီလိုချည်းသာဖြစ်လေသည် ။ သူတို့ သာ မဟု တ် အညာထန်းသမားတိုင်းပင် ထန်းတက်ချိန်၊ မြေပဲပေါ်ချိန်စသည့် ရာ သီလိုက်အလုပ်တွေကို လုပ်ရပြီး၊ တစ်ခါတစ်ရံ ကြားပေါက်အလုပ်တွေ ကို လုပ်သေးသည် ။ သူတို့ ၏ ဘဝမှာ ငြီးငွေ့ခြောက်သွေ့ဖွယ်ရာပင်ဖြစ် သည် ။ နံနက်ကစလျှင် ညနေချိန်ထိ ထန်းတက်ရန်အတွက် ပြင်ဆင် သ ည် ။ လှူပ်ရှားသံ၊ ခွေးဟောင်သံ၊ ငေါက်ငမ်းသံကို ကြား၏။ နေ့လယ် တွ င် မူ ထန်းလျက်မွှေသံ ထန်းလျက်ဆုပ်သံရကြားရ၏။ ညနေဆိုလျှင် ကား သူတို့ ၏ ဘဝမှာ အဝီစိငရဲပမာ မှတ်ထင်ရလေ၏။ တစ်ယောက် ကိုတစ်ယောက် မကျေနပ်သဖြင့် ဆူသံ ပူသံ၊ ပင်ကျရည်ကို ထဇစ် (ထန်းစစ်)ဖြင့် ခံယူပြီးသောက်လာကာ မူးမူးနှင့် ဆဲရေးတိုင်းထွာသံ၊ ရန် ဖြစ်သံ၊ ခွေးဟောင်သံတို့ ဖြင့်သာ ဖုံးလွှမ်းနေလေသည် ။

နေအတော် စောင်းလေပြီ။ နွားရိုင်းသွင်းချိန်ဖြစ်သဖြင့် ဖုန်လိပ် ဖုန်စိုင်တို့ သည် နွားတပ်ကြီးနောက်မှ အရိပ်ပမာအထဲသို့ လိုက်လာကြလေသည် ။ သူတို့ နောက်တွင် ကား နွားကျောင်းသား၏ ပုလွေသံကို သဲ့သဲ့မျှ ကြားရလေသည် ။

မဖွားခင်သည် ပါးစပ်က တဗျစ်တောက်တောက်မြည်ကာ အိပ် ရာမှ ထ၏။ ကိုညစ်ကို နှိုးရဦးမည်။ မဖွားခင်တို့ မှာ ထန်းရှင်အား ထန်းစု သုံးစု နှစ်စုသာ ပေးရသဖြင့် ထန်းစု သုံးစု နှစ်စု ပေးရန် ထန်းပိုင်ရှင်က ခေါ်ထား၏။ ယနေ့ နံနက် ထန်းပိုင်ဦးသာအေးက ဤကိစ္စကို ပြောရန် ခေါ်ထားလေသည် ။

ကိုညစ်မှာ ညက ထန်းရေမူးမူးနှင့် အိပ်ပျော်၍ မထသေး၊ အိပ်နေတုန်းပင် ဖြစ်၏။ သားညိုရောင်မှာ လည်း လှည်းတိုက်သွား၍ မရှိပေ။ ကိုညစ်မှာ ထန်းတက်ဖော်သာရ၏။ တခြား ဘာအလုပ်မျှ ရေရေရာရာ မလုပ်ပေ။ တပို့တွဲ တပေါင်း ထန်းယဉ်နင်းချိန်ကျလျှင် မနှစ်က တက်ပြီးသား ထန်းများကို စ၍ ပြန်တက်ကာ ထန်းရေခံသည် ။ ကိုညစ်အလုပ်မှာ ဒါပဲ ဖြစ်၏။ မဖွားခင်သာ တောက်တိုမည်ရ အလုပ်ကလေးတွေက စ၍ ထန်းလျက်ကျို၊ ထန်းလျက်ရောင်းထိ ဒိုင်ခံ၍ လုပ်ရလေသည် ။

'ကိုညစ်ရဲ့ နေမြင့်လှပြီတော့၊ ဦးသာအေး အိမ်ကို သွားရဦး မယ်' ဟု မဖွားခင်က ပြောင်းဖူးဖက်လိပ် ပြာကို လက်ညှိုးဖြင့် တို့ ၍ လျက်ရင်း နှိုးသည် ။

'အင်း' ဟု ကိုညစ် အပျင်းတွေကို အန်ထုတ်ရင်း အိပ်ရာမှ ထကာ မျက်နှာသစ်၏။ နောက် ပုဆိုးကို ခေါင်းပေါင်းကာ ဖျင်ကြမ်းအင်္ကျီကို အင်္ကျီနှင့် တွေ့ခဲလှသည့် ကိုယ်ပေါ်သို့ စွပ်လိုက်သည် ။

မနက်ခင်း လက်ဖက်ရည်ကြမ်းမှာ ကိုညစ်တို့လို ထန်းသမား အဖို့ ကြည်လင်လန်းဆတ်စေ၏။ နှစ်ရှည်လများ သုံးလာ၍ ချိုးကပ်နေ သည့် မြေကရားညစ်ညစ်တွင် လက်ဖက်ခြောက်ကို ခပ်ကျဲကျဲနှပ်ကာ၊ ဝါကျင့် နေသည့် ပန်းကန်ပဲ့ဖြင့် လက်ဖက်ရည်ကြမ်း သောက်ရသည် မှာ တကယ့်အရသာ ဖြစ်လေသည် ။ ကိုညစ်က မျက်နှာသစ် အင်္ကျီဝတ်ပြီး လျှင် လက်ဖက်ရည်ကြမ်း ဇိမ်ဆွဲ၍ သောက်နေလိုက်သေးသည် ။

'ကဲ ကိုညစ် သွားကြရအောင်' ဟု မဖွားခင်က ခေါ်မှ လက်ဖက်ရည်ကြမ်းပန်းကန်ကို အပြီးသတ်မော့လိုက်ကာ ထလာ၏။ သူတို့ တဲ မှာ ရွာမြောက်ဘက်တွင် ဝေ့ဝိုက်စီးနေသည့် ရင်းတိုင်းတောင်ကျချောင်း ၏ ကမ်းပါးတွင် ရှိရာ ရွာဘက်သို့ သွားလို လျှင် ချောင်းကို ဖြတ်ရသေး သည် ။

'ကဲ ဘယ့်နှယ့်လုပ်မတုံး ကိုရွှေညစ်ရဲ့ ' ဟု မဖွားခင်က လင် တော်မောင်ကို မေးလေသည် ။ ကိုညစ်မှာ ဘာမှ မပြောဘဲ ရှေ့ကသာ စိုက်စိုက် စိုက်စိုက်နှင့် သွားနေသည် ။ အတန်ကြာမှ ...

'ဘယ်တတ်နိုင်မလဲဟ၊ သူတို့ ထန်း၊ သူတို့ ယာ၊ ငါတို့ က ဘာတတ်နိုင်မှာ တုံး၊ ငါတို့ က လုပ်သားပဲဟာ' ဟု ကိုညစ်က အေးအေး ဆေးဆေးပင် ပြောလေသည် ။

'ဘယ့်နှယ့် တတ်နိုင်မတုံး လုပ်မနေနဲ့ တော့ ကိုညစ်ရဲ့ ၊ အညှက် ( ထညက်)က တစ်နေ့ တစ်ဆယ်လောက်ရတယ်၊ သုံးစု နှစ်စုပေးရရင် ဘာကျန်ဦးမှာ တုံးတော့။ ခုသာ အညက်ပေါ်တုန်းပေါ်ခါစမို့ တစ်ရာဈေးဖြစ်နေတာ တော်တော်ကြာရင် ငါးဆယ်ဈေးလောက် ရှိတော့မှာ (ပိဿာချိန် တစ်ရာကို ဆိုလိုသည် ။) ဒီအထဲမှာ ထင်းဈေး၊ မြူအိုးဈေး၊ မြေအိုးကျိုဖိုးနုတ်ရင် ဘာကျန်တော့မှာ တုံးတော့'

မဖွားခင်က နောက်က ယက်ကန်ယက်ကန်နှင့် လှမ်းလာရင်း ပါးစပ်ကလည်း တတွတ်တွတ်ပြောလာ၏။

ချောင်းကို ဖြတ်ကူးရသဖြင့် သဲထဲမှာ ယက်ကန်ယက်ကန်သာ လျှောက်နေနိုင်သည် ။ အညာနေသည် မနက်ခင်း နေဖြစ်သော်လည်း ခပ်ကြဲကြဲ လေပူတိုက်ရာ ချွေးများ ပင် စို့ လာလေသည် ။

'ဒီအထဲမှာ တော် ထန်းခွန်ဆိုရင်လည်း ထန်းသမားက တစ်ဝက်ဆောင်ရသေးတယ်။ ဘာကျန်ဦးမှာ လဲ၊ လူလည်း ပင်ပန်းသေးတယ်'

'ဟာ ဒါတွေ ညည်းမနေစမ်းပါနဲ့ ၊ ဒါတွေသာ လိုက်ပြောနေရင် ဘာမှ မကောင်းမှာ မဟုတ်ဘူး ။ ငါကလည်း ထန်းသမား မျိုးရိုးမို့သာဟော့၊ နို့မို့ဆိုရင် နွားလေးတစ်ရှဉ်းလောက်ထောင်ပြီး ယာထွန်၊ လှည်းလိုက်စားတာမှ ဟန်လိမ့်ဦးမယ်'

စကားနည်း၍ အေးစက်စက်နိုင်လှသည့် ကိုညစ်ပင်လျှင် ကြာ သော်ညည်းလာ၏။ စကားတပြောပြောနှင့် လာလိုက်ကြသည် မှာ ရွာဝ ရောက်မှ ပင် တိတ်သွားကြလေသည် ။

'ကိုညစ် ဟိုရောက်ရင် ကျုပ် ကြည့်ပြောမယ်နော်။ တော်က ဝင်ဝင်မစွက်နဲ့ ' ဟု မဖွားခင်က အေးစက်စက် ထုံထိုင်းထိုင်း နိုင်လှသည့် ကိုညစ်ကို သြဇာပေးလေသည် ။

ထန်းပိုင်ဦးသာအေး၏ အိမ်မှာ ရွာအနောက်ဖျားတွင် ရှိလေ သည် ။ ရွာတွင် ဦးသာအေးမှာ မျက်နှာဖုံးဖြစ်၍ အိမ်ကြီးမှာ လည်း ဟိန်း နေသည် ။ သွပ်မိုးပျဉ်ထောင်အိမ်ကို ဆင်ဝင်ချကာ အမြိုင့်သားဆောက် ထား၏။ အိမ်မှာ အရှေ့ဘက်သို့ မျက်နှာမူ၍ ဆောက်ထားပြီး ထန်းလျက်၊ မြေပဲ၊ မန်ကျည်းစသည့် ကုန်တို့ ကို ရောင်းရာ ကျီများမှာ မြောက်ဘက်တွင် ဆောက်ထားလေသည် ။

ရာဝင်ဆီအိုးကြီးများမှာ လည်း ကျီးမြောက်ဘက်တွင် တွဲ၍ ဆောက်ထားသည့် ဇောင်းထဲ၌ ခါးတစ်ဝက်အထိ မြှုပ်ထားကာ နွားချေး ဖြင့် မံ၍ အလုံပိတ်ထားလေသည် ။ အနီးအနားတစ်ဝိုက်ရှိ ထန်းတော ယာကွက် အားလုံးလောက်မှာ ဦးသာအေးပိုင်များ ဖြစ်ရာ ဦးသာအေးမှာ တစ်နှစ်လျှင် ထန်းများ မြေများမှ ရသည့် အစုဖြင့်ပင် ငွေတိုးချေးစား လိုက်နိုင်ပေသေးသည် ။

'အကျွန်တို့ ထန်းကို အစုခွဲမယ်ဆိုလို့ ' မဖွားခင်က မြေပိုင်ရှင် ဦးသာအေး၏ ရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်ကာ ပြော၏။

ဦးသာအေး၏ အရပ်မှာ ပုပု အသားမည်းမည်း မျက်လုံးတို့ မှာ သေးငယ်တောက်ပြောင်ကာ စူးရှဟန်ရှိသည် ။ သူ၏ နှုတ်ခမ်းမွေးကျိုး တိုးကျဲတဲမှာ ကွမ်းစားသည့် အခါတွင် အညိမ့်စီးကာ တလှုပ်လှုပ် ရှိကြ လေသည် ။

'ခက်တယ် မဖွားခင်၊ ကျုပ်လည်း ခင်ဗျားတို့ ထန်းသမားတွေနဲ့ ကျုပ်ဖအေမအေလက်ထက်ကတည်းက ဆက်ဆံလာခဲ့ရတော့ ခင်ဗျား တို့ အကြောင်း ကောင်းကောင်း တော့ ကိုယ်ချင်းစာမိပါတယ်'

ကိုညစ်မျက်နှာသည် အဓိပ္ပာယ်မရှိသည့် နွေလယ် နေ့တစ်နေ့၏ ရှုခင်းလို ခြောက်ကပ်ကပ် ရှိနေရာမှ စိုပြည်ဝင်းထိန် လာလေသည် ။ မဖွားခင် မှာ မူ အနည်းငယ် စိတ်အားထက်သန်လာကာ ရှေ့သို့ အနည်းငယ် တိုးလိုက်ရင်း နှုတ်ခမ်းကို လျှာဖြင့် လျက်လိုက်ပြီး...

'ဟုတ်ပါတယ်မှ ဦးသာအေးရယ်၊ ကိုင်း တွက်ပဲ ကြည့်ပါဦး၊ တစ်နေ့ အညက် တစ်ဆယ်လောက်ကျတယ်တော့။ ကိုင်း သုံးစု နှစ်စု ဆိုတော့ အကျွန်တို့ မှာ သုံးပိဿာကျော်ကျော်လေးရတော့ သိပ်မကျန်တော့ ဘူးပေါ့၊ ဒီအထဲ ထင်းဖိုး၊ အိုးဖိုး၊ အို ဦးသာအေးလည်း အသိသားပဲဟာ' ဟု

စိတ်အားထက်သန်လာသဖြင့် လျှာသွက်သွက်ဖြင့် မဖွားခင်က ပြော သ ည်။

ဦးသာအေးကမူ ဆေးပြင်းလိပ်တိုကို ပါးစောင်တွင် အားရပါးရ ခဲ ထားရာမှ ချွတ်လိုက်ပြီး တောင့်နေသော ပြာများကို ခြွေချရင်း မဖွားခင် စကားကို နားစိုက်ထောင်နေ၏။

'ဒီတော့ ဦးသာအေးရယ်၊ အကျွန်တို့ မြေစုလေးကိုတော့ နည်း နည်းကြည့်ပြီး လျှော့ယူပါဦးလို့ '

မဖွားခင်သည် စကားကို အဆုံးသတ်ကာ ဦးသာအေးကို အသနားခံ သည့် မျက်နှာမျိုးဖြင့် ကြည့်နေသည်။ ကိုညစ်မှာ ကြမ်းပြင် ပေါ်တွင် ဖ င်ချကာ ဒူးတစ်ဖက်ကို ထောင်ပြီး ဒူးတစ်ဖက်လှဲကာ ထိုင် နေသည်။ ထောင်ထားသည့် ဒူးပေါ်တွင် တံတောင်ကို တင်ကာ ပြောင်းဖူး ဖက် ဆေးလိပ်ကိုသာ တွင် တွင် ကြီးဖွာလျက် ရှိသည်။ စကားတစ်ခွန်းမျှ မ ဟ။ မဖွားခင်ရှိသားပဲလေ။ ဒီနေရာမှာ သူဝင်စွက်ဖို့ မလိုပါဘူး။ မဖွားခ င် မှာ မိန်းမသားပေမင့် အပြောသွက်လှသည်။ ချက်ချက်ချာချာ ရှိလှသ ည်။ ကိုညစ်လို ထုံထိုင်းထိုင်း မှုန်ငေးငေး မဟုတ်။

'အင်း' ဟု ဦးသာအေးက အင်းရှည်ဆွဲ၍ ဝက်သားခေါက်ပေါ် က အ မွေးလို ကျိုးတိုးကျဲတဲပေါက်နေသည့် မုတ်ဆိတ်မွေးကို ပွတ်နေ သည်။

'ခက်တယ် ဖွားခင်ရဲ့ ၊ ကျုပ်ကလည်း ခင်ဗျားတို့ တစ်တွေ အကြော င်း ကောင်းကောင်း သိပါရဲ့ ။ ခင်ဗျားတို့ တစ်တွေနဲ့ ဘိုးဘွားကစပြီး ဆ က်ဆံလာလို့ ခင်ဗျားတို့ ရိုးရိုးသားသား လုပ်တယ်ဆိုတာကိုလည်း သိပါ တယ်၊ ဒါပေမဲ့ ကျုပ် တစ်ယောက်တည်း ကပ်နေပြီး ဒီလို သုံးစုနှစ်စု ယူ နေတာ မဟုတ်တော့လည်း ခက်တယ်ဗျ။ လူများ တွေက သုံးစုနှစ်စု ယူပြီး ကျုပ်က တစ်စုယူတယ်ဆိုတော့၊ ခင်ဗျားတို့ ပဲ စဉ်းစားကြည့်ကြ

လေ။ ပြီးတော့ ကျုပ်ကို ဒီပြင် ထန်းရှင်ယာရှင်တွေက ပြောကြလိမ့်မယ် ဗျ။ ဒီတော့ အရင်အတိုင်း သုံးစုနှစ်စုယူဖို့ ဆိုတာတော့ မဖြစ်နိုင်ပေဘူး ထင် တယ်'

မဖွားခင်မှာ ဦးသာအေး၏ စကားကို ကြားလိုက်ရသောအခါ စိတ်အားလျှော့သွားလေသည် ။ စောစောက အကြိတ်အခဲ တည်လာသည့် မျှော်လင့်ချက်ကလေးမှာ လည်း ကွဲအက်ပြိုလဲ၍ သွားလေသည် ။ ဝမ်းသာ လွယ် ဝမ်းနည်းလွယ်သည့် မဖွားခင်၏ နေလောင်ထားသည့် ခပ်ညိုညို မျက်နှာသည် အမည်းတစ်ဝက်ဖြင့် လွှမ်းထားသည် ။ နဂိုက အေးအေးနေ တတ်သည့် ကိုညစ်သာ ပြောင်းဖူးဖက်ဆေးလိပ်ကို ဖွာရင်း ခေါင်းငိုက် စိုက်ချကာ ကြမ်းပြင်ကို ငုံ့ကြည့်နေ၏။

'ကြည့်လျှော့ပါဦး ဦးသာအေးရယ်၊ ဒီနှစ်ထဲမှာ ငွေရေးကြေးရေး ကလည်း ကျပ်တော့' ဟု မဖွားခင်က ရလိုရငြားဖြင့် ပြော၏။ သူ့အသံ မှာ သဲ့သဲ့မျှသာ ဖြစ်၏။

'မဖြစ်ဘူးဗျာ၊ ကျုပ်လည်း အများကို မလွန်ဆန်ရဲဘူး၊ ကျုပ် တစ်ယောက်တည်း သုံးစုယူနေရင်တော့ ကျုပ်ကပဲ လိုက်လျောနိုင်ပါတယ်။ ခုတော့ အားလုံး ယူနေကြတာပဲ။ ကျုပ်သာ ဒီနှစ်က စပြီး ယူတာ။ ကိုဆုံတို့ ဦးသာဒင်တို့ ဖြင့် မနှစ်က ညှပ်သားရောင်(ထန်းလျက်ပေါ်ချိန်) ကတည်းက စယူနေကြတာပဲ။ ခင်ဗျားတို့ ဒါမှ မလုပ်နိုင်ရင်လည်း ကျုပ် ဒိပြင်လူကိုပဲ မြေစုပေးလိုက်တော့မယ်'

ဦးသာအေး၏ အပြောမှာ ချိုမြပါ၏။ လေယူလေသိမ်းမှာ လည်း ပြေပြစ်ပါ၏။ သို့သော် ဦးသာအေး၏ လေပြေလေညင်းမှာ မဖွားခင်တို့ အိမ်ထောင်အဖို့ ပြိုလဲပျက်စီးမည့် မုန်တိုင်းပါကလား။ ဦးသာအေး၏ ထန်းကို မလုပ်ရလျှင် မဖွားခင်တို့ တခြား ဘယ်မှာ သွား၍ လုပ်ရမည်

နည်း။ ဒီထန်း၊ ဒီယာနှင့် ကြီးပြင်းလာခဲ့ရသည့် မဖွားခင်တို့ ဘယ်ကို သွား၍ ဘာလုပ်ကြမည်နည်း။ ဦးသာအေးမှာ သူတို့ ၏ ပြေးစရာ မြေမ ရှိ သည့် ဘ၀ကို မြင်၍ အကြပ်ကိုင်ဟန်တူ၏။ သို့သော် ဘာမျှ မတတ်နို င်။ သူ့မြေပေါ်တွင် နေ၍ သူ့ကို မှီခိုစားနေသမျှ ဒီလမ်းကိုပဲ လိုက်စရာ ရှိ သည် ။

မဖွားခင်သည် အသွားတုန်းကလို ကိုညစ်ကိုပင် စကားမပြော နိုင်ဘဲ သုတ်သုတ် သုတ်သုတ်နှင့် လှမ်းလာသည် ။

မနက်ခင်း ဆွမ်းခံပြန်ချိန်ပင်တိုင်ပြီ။

မြောက်ဘက်တောကျောင်းမှ ဆွမ်းစားခေါင်းလောင်းထိုးသံကို ကြားရလေသည် ။ ကျီးအများ သည် အိုက်စပ်စပ် မနက်ခင်း၀ယ် မန်ကျ ည်း ကိုင်းဖျားတွင် နားကာ၊ အ အနှင့် မြည်နေကြသည် ။ အညာလေသ ည် ထန်းရွက် ထန်းလက်တို့ ကြားမှ ဝေ့ပတ်တိုက်ခတ်လာသော်လည်း ပူနွေး နေ၏။

မဖွားခင်သည် တဲသို့ ရောက်လျှင် စိတ်ပျက်ပျက်နှင့် ကွပ်ပျစ် ပေါ်သို့ ပစ်လှဲ လိုက်လေသည် ။

ဘာမျှ မတတ်နိုင်။ သူတို့ ပြောသည့် မြေစုအတိုင်းသာ ပေးရ ပေ တော့မည်။ သူ့မြေသူ့ယာပေကိုး။

မလှမ်းမကမ်း တဲမှ ကလေးငိုသံမှာ ညံစာစာနှင့် မဖွားခင်၏ နားထဲ သို့ ဝင်လာသည် ။ ပြောင်းရိုးခုတ်သံကိုလည်း ခပ်မှန်မှန် ကြားရ၏။ ပြောင်းရိုးခုတ်သံမှာ ပူနွေးသည့် အညာနံနက်ခင်း၀ယ် ပျင်းရိစရာ ကော င်း လှသည် ။

ကိုညစ်ကသာ သူလောင်းထားသည့် ထန်းရေခါးအိုးကို လှပ် ကြည့်ရ

င်း အသံလေးလေးဖြင့် မယားအား နှစ်သိမ့်ရသည် ။

'တတ်နိုင်ပါဘူးဟာ၊ သူများ ပေးလည်း ပေးရုံပေါ့'

လင်းကြက်ပင် တွန်လေပြီ။

နွေဦး၏ နံနက်ခင်းဖြစ်သဖြင့် မြူငွေ့တို့ မှုန်ဝေလျက်ရှိသည် ။ မြူငွေ့များ သည် ယပ်ဖွင့်ကာ နေသည့် ရဟန်းလို ထန်းရွက်ကို ဖွင့်ကာ ကြီးမားလှသည့် ဣန္ဒြေဖြင့် ရပ်နေသည့် ထန်းပင်များ အကြားဝယ် ယှက် သန်းရစ်ဝေနေ၏။ နွေဦး၏ နံနက်ခင်း လေမှာ သရက်ပွင့်နံ့များ ဖြင့် လှိုင်နေ၏။ သည် သရက်ပွင့်ရနံ့များ လှိုင်နေသည့် ကြားထဲမှ နွားချေးကို မီးဖုတ်သည့် အနံ့မှာ လည်း တစ်ခါတစ်ခါ ရောနှောပါ၍ လာတတ်သေး သည် ။

မဖွားခင်သည် အိပ်ရာမှ ထကာ မနက်ခင်းလုပ်စရာ ရှိသည် ကို လုပ်၏။ မဖွားခင်၏ မနက် အလုပ်မှာ ချောင်းထဲရှိ လက်ယက်တွင်းသို့ သွား၍ ရေခပ်ရသည် ။ သမီးအငယ်ဆုံး အသက် နှစ်ဆယ်ခန့်ရှိ ထွေးညို ကို ထမင်းချက်ရန်နှင့် ကိုညစ်ကို ထန်းတက်ရန် နှိုးရသည် ။

ထွေးညိုမှာ မဖွားခင်၏ သမီးအထွေးဆုံး ဖြစ်၏။ သမီးကြီး မိတုတ်နှင့် မိဆုတ်မှာ ယောက်ျားရ၍ သူတို့ အိမ်နှင့် သူတို့ ခွဲနေကြ၏။ သားကြီးညိုမောင်နှင့် ညိုရောင်မှာ လည်း သူတို့ အိမ်နှင့် သူတို့ ခွဲနေကြ သဖြင့် မဖွားခင်တို့ လင်မယားမှာ သားအငယ်ဆုံး မောင်ကြီး၊ သမီးအငယ် ဆုံး ထွေးညိုတို့ နှင့် သာ ကျန်ရစ်ခဲ့လေသည် ။

ထွေးညိုမှာ အသားခပ်ညိုစိမ့်စိမ့်ဖြစ်၍ ကိုယ်လုံးသွယ်လျလျနှင့် ကျစ်လျစ်စိုပြည်၏။ ဆံပင်နီကျင့်ကျင့်တို့ သည် နဖူးပေါ်မှာ မယဉ်မရိုင်း ဖွာကျနေကြ၏။ ထွေးညို၏ နှုတ်ခမ်းမှာ ပြည့်ပြည့်ဝဝနှင့် ရယ်လိုက်လျှင် ပါးချိုင့်ကလေးများ ပေါ်လာတတ်လေသည် ။ ထွေးညိုမှာ အမေမဖွားခ

င်၏ ထန်းလျက်ကျို၊ ရေခပ်၊ ထင်းခွေ၊ ကြိုးကျစ်၊ မြေအိုးကောက် စသည့် အလုပ်မှန်သမျှတွင် ပါရသည် သာများ သည်။

'ဟဲ့ ထွေးညို ထွေးညို'

မဖွားခင်က မြေအိုးကောက်သွားရန် လှမ်း၍ ခေါ်လိုက်သည်။

'တော်' ဟု ထွေးညိုက လှမ်း၍ ထူးကာ အပြင်သို့ ထွက်လာ သည်။ ထွေးညို၏ မျက်နှာတွင် သနပ်ခါးရေကြဲကို ပွတ်လိမ်းထားသည်။ မနက်စောစောတွင် အညာသနပ်ခါးအနံ့သည် တသင်းသင်း ပျံ့နေ၏။

'ညည်းဖအေ့ဆီ လိုက်သွားပြီး မြေအိုးကောက်ချေဦး၊ တော်တော်ကြာ အညက်ကျိုနောက်ကျလို့ ပွက်လောရိုက်နေဦးမယ်'

ထွေးညိုသည် သီတင်းရောင် အညာရက် ဖျင်လုံချည်အကွက်ကို ဝတ်ထား၏။ ကိုယ်အထက်ပိုင်းတွင် ဖျင်အင်္ကျီ မဖြူတဖြူကို ဝတ်ထားလေသည်။ ထွေးညို၏ ခြေထောက်တို့ မှာ ဖိနပ်စီးခဲလှသဖြင့် ညို၍ အက်ကွဲနေ၏။

'တို့ များ လည်း ဒီထန်းကို လက်လွှတ်ရတော့မှာ ဟဲ့' ဟု မဖွားခင်က တစ်ခုခုကို သတိရသလို စဉ်းစားနေရင်း လှမ်းပြောလိုက် သည်။

'ဘာပြုလို့ တုံး အမေရဲ့ ၊ ကျုပ်တို့ လုပ်လာတာ အမေတောင် သေခါနီးနေပြီပဲဟာ'

'အေး အေး၊ ညည်းကသာ ဘာမှ မသိလို့ ၊ ဦးသာအေးက တို့ ကို ရှေ့နှစ်မှာ ဒီထန်းကို မချတော့ဘူးတဲ့ '

'ဟောတော့' ဟု ထွေးညိုက အံ့ဩသံနှင့် လှမ်း၍ အော်လိုက် ပြီးမှ ' ဘာပြုလို့ တုံး အမေရဲ့ ' ဟု ထပ်၍ မေးသည်။

'မြေစု သုံးစုနှစ်စု မပေးနိုင်လို့ တဲ့ တော်၊ သုံးစုနှစ်စု မပေးနိုင်လို့ တဲ့ '

'နို့ နေပါဦး အမေတို့ တစ်နေ့က သွားပြောတော့ ကျေကျေ နပ်နပ် ဖြစ်ခဲ့ရဲ့ မဟုတ်လား'

'အဲဒီကတည်းက မြေစုသုံးစုနှစ်စု မပေးနိုင်ရင် မလုပ်နဲ့ လို့ ပြောလွှတ်လိုက်တာပဲ၊ တို့ များကတော့ ဘယ်တတ်နိုင်မတုံး၊ သူတို့ က ပေးလို့ ဆိုတော့ လုပ်ရသမျှလေး ပေးလိုက်ရတော့မှာ ပေါ့လို့ အောက်မေ့ ခဲ့တာပဲ၊ အခုတော့ အလုပ်ကလည်း မဟန်တော့ သူ့ကို သုံးစုနှစ်စုပေးဖို့ နေနေသာသာ တို့ တောင်မှ ခပ်ခက်ခက်ဖြစ်နေပြီ'

မဖွားခင်မှာ ပြောင်းဖူးဖက်ဆေးလိပ်ကို တွင် တွင် ဖွာကာ တဲအပြင်ဘက်သို့ စိုက်ကြည့်နေ၏။ မနက်ခင်းတွင် တောကျီးတို့ သည် မနီးမဝေး ထိန်ပင်သစ်ငုတ်တိုပေါ်တွင် နားကာ အား အားနှင့် အော်နေကြ၏။ လေမှာ လယ်ကွင်းတွေကို ဖြတ်တိုက်လာသော်လည်း ပူနွေး၏။ တစ်ခါတစ်ရံတွင် မီးရှို့ထားသည့် ယာမြေမှ မီးလောင်မြေအနံ့ကို ရှူရှိုက်ရလေသည် ။

'ကဲ ကဲ ထွေးညို ညည်းဖအေဆီ လိုက်သွားစမ်း။ ဒါတွေ တွေးနေလို့ မတတ်နိုင်ဘူးဟဲ့။ သူတို့ က မြေပိုင် ထန်းပိုင် သူတို့ ပိုင်တာ သူတို့ ထမင်းဝဖို့ ပေါ့' ဟု မဖွားခင်က စကားကို အစသတ်လိုက်ပြီး ထန်းလျက်အိုးကျိုရန်အတွက် ထင်းထည့်နေ၏။

ထွေးညိုသည် သူ့အမေနားမှ ထလာသည် ။ လူသွားလမ်းမှာ ထန်းပင်တွေ ကြားထဲဝယ် ကွေ့ကောက်တွန့်လိမ်သွားပြီး ခပ်လှမ်းလှမ်း လယ်ကန်သင်းစပ်တွင် ကန်သင်းပေါ်သို့ တက်သွားလေသည် ။ လမ်းတွင် မြက်ရိုင်းပင်၊ ပေါင်းပင်တို့ သည် ကျိုးတိုးကျဲတဲပေါက်နေကာ လေအလာတွင် ကိုင်းညွတ်၍ နေကြ၏။

ထွေးညိုသည် လူသွားလမ်းလေးအတိုင်း ခပ်သုတ်သုတ်ဖြင့် သူ့အဖေ ထန်းတက်နေရာသို့ လိုက်သွားလေသည် ။ သူ့အဖေ ကိုညစ်မှာ တေးတကျော်ကျော်ဖြင့် ရင်ထောင် အမြင့်ကြီးကိုမကာ တစ်ပင်မှ တစ်ပင် ကူးကာ ထန်းရေချနေ၏။ ရင်းထောင်မှ ညွှတ်ကျနေသဖြင့် တကျိကျိ မြည်နေလေသည် ။ ကိုညစ်၏ ခါးမှ ထန်းလှီးဓားမှာ လည်း နွားခလောက်သံ လို အဆက်မပြတ် မြည်နေ၏။

ထွေးညိုသည် သူ့အဖေ ချထားခဲ့သည့် မြူအိုးများကို တေးညည်းရင်း လိုက်၍ ကောက်နေလေသည် ။ မြူအိုးများ တွင် ပင်ကျရေတို့ သည် အမြုပ်တစီစီ ထနေသဖြင့် ရေပွက်နေသည့် အိုင်လေးနှင့် သာတူလေသည် ။

'နက်ဖြန်ဆိုရင် တပေါင်းလဆန်း ၃ ရက် အခါနေ့ကြီးပါလား'

ထွေးညိုသည် အညာ၏ ရိုးရာ အခါမုန့်ကျော်၍ နတ်တင်သည့် ပွဲ ကို အမှတ်ရလာ၏။ တပို့တွဲ ထန်းယည်နင်းချိန်ပြီးသည့် နောက်တွင် ထန်းသမား ယာသမားများ လက်တွင် ငွေလေးပေါလာစ ပြုပြီ ဖြစ်၏။ သည်ငွေ စငွေနများ ဖြင့် အမုန့်ကျော်ကာ နတ်တင်ကြရ၏။ ပုန်းမကြည်မအတွက် သနပ်ခါးတုံး ကျောက်ပျဉ် စသည့် ပုံစံအမျိုးမျိုးကို လုပ်ကာ ပူဇော်ရ၏။ လမိုင်းနတ်ကို ပသရ၏။

ထန်းယည်တို့ သည် လေအဝေ့တွင် ထန်းရွက်ချင်း ပွတ်နေကြ၏။ သည် လို ထန်းယည်နင်းချိန်မှာ ထန်းသမားတို့ အဖို့ အားတက်စရာ အချိန်ဖြစ်၏။ မနှစ်က တက်ခဲ့သည့် ထန်းဖြစ်သဖြင့် ထန်းပင်တို့ မှာ ထန်းနို့ လှီး လိုက်သည် နှင့် တစ်ပြိုင်နက် ထန်းရည်လေးတွေ အစို့စို့နှင့် ယိုဖိတ်ကျ လေပြီ။ ထန်းသမားတို့ က မနှစ်က တက်ခဲ့သည့် ထန်းပင်ဟောင်းတို့ မှ ထန်းရွက်ထန်းလက်တို့ ကို ထန်းလှီးရ လွယ်ကူစေရန် ဘေးသို့ န

င်းချရ၏။ ဤသို့ ထန်းရည်ခံပြီးသား ထန်းပင်များမှ ထန်းရွက်ထန်းလက်တို့ အား ဘေးသို့ နင်းချရ၏။ ထန်းယဉ်နင်းချိန်မှာ ပင် ထန်းတက်သမားတို့ ၏ တေးသံဝါဝါသည် အညာထန်းဆော် လေအဟုန့်တွင် တဝေ့ဝေ့ လွင့်ပါးနေ ကြလေသည် ။ ထန်းရည်မခံရသေးသည့် ထန်းရိုင်းများမှာ 'ဘယ်သူ့ကိုမှ အောက်ကျမခံဘူး'ဆိုသည့် ဟန်ဖြင့် မှုန်ကုတ်ကုတ်ရပ်နေသလို မှတ်ထင် ရလေသည် ။

ထွေးညိုသည် သူ့အဖေ ကိုညစ် ချထားခဲ့သည့် မြူအိုးများကို တစ်တွဲပြီးတစ်တွဲ လိုက်၍ ကောက်၏။ မြူအိုးများမှာ လေးလုံးလျှင် တစ်တွဲစီ တွဲထားလေရာ ထွေးညိုသည် လက်ဝဲဘက်နှင့် လက်ယာ ဘက်ပခုံး တစ်ဖက်တစ်ချက်တွင် တစ်တွဲစီချိတ်ထားကာ လက်နှစ်ဖက် မှ တစ်တွဲစီဆွဲပြီး တဲဘက်သို့ ပြန်ခဲ့လေသည် ။

ထွေးညိုအဖို့ နေ့တွေရက်တွေမှာ သည် လိုနှင့် သာ ကုန်လွန်ခဲ့ ရလေသည် ။ သူလည်း သူ့အမေမဖွားခင်နည်းတူပင် မြေအိုးကောက်၊ ထန်းလျက်ကျို၊ မြေပဲဖော်ချိန်ရောက်လျှင် မြေပဲကောက်လိုက် စသည့် အလုပ်များ နှင့် သာ လုံးလည်လိုက်လျက် ရှိလေသည် ။

'ကိုင်း ကိုင်း ထွေးညို၊ အထုပ်အပိုးတွေ ပြင်ပြီးပလား'ဟု မဖွားခင်က သမီးကိုလှမ်း၍ မေးသည် ။ ကိုညစ်ကလည်း သူ့သမီး မြို့ ရောက်လျှင် ခေါင်းလိမ်းရန်ဆို၍ နှမ်းဆီစစ်စစ်တစ်ပုလင်းကို ပြောင်းဖူး ရိုးနှင့် ကြပ်ကြပ်ပိတ်ပေးလိုက်သည် ။

'မြို့ရောက်ရင် ကောင်းကောင်း မှန်မှန်နေနော်၊ တို့ ဆီမှာ လို မဟုတ် ဘူး'

'အေးပါ အမေရယ် တတွတ်တွတ်ပဲ၊ သိပါတယ်'

'သိပြီးရော၊ သိပြီးရော'

'ငါလည်း သူ့ကို မြို့ရောက်အောင် လိုက်ပို့ဦးမှာ ပါဟာ၊ ညည်း ကလည်း စိတ်ပူရန်ကော' ဟု ကိုညစ်က သမီးအတွက် စိတ်ပူနေ သည့် မဖွားခင်ကို လှမ်း၍ မာန်မဲသည် ။

'ပူဆို ကိုညစ်ရေ၊ ဦးသာအေးတို့ မို့လို့ သာ မကောင်းတတ်လို့ ထည့်လိုက်ရတာ၊ ဒီမှာ လည်း ထန်းယဉ်နင်းချိန် အလုပ်က ရှုပ်ပါဘိသနဲ့ ၊ ကျုပ်တော့ သင်း မရှိရင် တစ်ယောက်တည်း ဖတ်ဖတ်မောအောင် လုပ်ရဦး မှာ မြင်သေး'

'ကဲ မရွှေခင် ကိုယ်က စကားလွန်ပြီးပြီ၊ သွားရမယ့်လူ ဖြောင့် ဖြောင့် မသွားနိုင်အောင် ပြောမနေနဲ့ '

'ဟုတ်သားပဲတော့၊ အမေကလည်း ' ဟု ထွေးညိုကပါ ဝင်၍ လာသဖြင့် မဖွားခင်မှာ ငြိမ်သွားလေသည် ။

ထွေးညိုမှာ ဦးသာအေးတို့ က ခေါ်သဖြင့် မြို့သို့ ကူဖော်လောင် ဖက် အဖြစ် လိုက်နေရမည် ဖြစ်၏။ ဦးသာအေးကိုယ်တိုင် ထန်းတောသို့ လမ်းလျှောက်လာရင်း ထွေးညိုကို သူတို့ မြို့ပြောင်းသည့် အခါတွင် ကူဖော်လောင်ဖက် ထည့်လိုက်ရန် ခေါ်၏။ ဦးသာအေးတို့ မှာ မြို့ကလေး တွင် မနေတော့ဘဲ ဒိစတြိတ်မြို့သို့ တက်၍ ပွဲဝိုင်းထောင်ထားသည် ။ သူတို့ ပွဲဝိုင်းမှ အညာထွက် ပဲ၊ ထန်းလျက်၊ မန်ကျည်း၊ ဆေး စသည် တို့ ကို အောက်ကုန်များ နှင့် ဖလှယ်နိုင်ရန် ထောင်ထားသဖြင့် တော်တော်ကြီး စည်စည်ကားကား ရှိသည် ။

အစတုန်းကတော့ ကိုညစ်တို့ မဖွားခင်တို့ က သမီးကလေးကို မထည့်လိုလှ၊ ထန်းဦးပေါ်ခါစဖြစ်၍ အလုပ်လည်း များ ပြန်၊ သမီးအပျို ပေါက်ကို မိဘနှင့် လည်း မခွဲလိုသောကြောင့် အကြောင်းအမျိုးမျိုးပြကာ ငြင်းပေမယ့် နောက်ဆုံးတွင် အတန်တန်ပြောသောကြောင့် ဒီအထဲမှာ

သားကြီးညိုရောင်တို့ ၊ ညိုမောင်တို့ က နှမကို ခုလိုအခွင့်ကောင်းပေါ်လာ တုန်း မြို့မှာ နေစေချင်သည် ။ သမီးအကြီးမိတုတ်ကမူ 'သူတို့ မြို့ကတော် ရှုပ်က ရှုပ်သနဲ့ ' ဟု မဲ့ရွဲ့ပြောကာ ကန့်ကွက်ပေမင့် အရှုံးပေးလိုက်ရလေ သည် ။

ထွေးညိုသည် ဦးသာအေးပွဲဝိုင်းတွင် လုပ်ရသည့် အလုပ်ကား ပွဲဝိုင်းတွင် တည်းသည့် ကုန်သည် များအား ထမင်းကျွေးရသည် ။ မီးဖိုချောင်တွင် ဘတုတ်နှင့် ဒေါ်အုံးဆင့် ရှိသည် ။ မီးဖိုချောင်အတွက် လုံ လောက်ပေသည် ။ ထို့ကြောင့် ထွေးညိုမှာ ဧည့်သည် တွေကို ထမင်း တည်ခင်းကျွေးမွေးရသည် ။ သူတို့ စားပြီးသည့် အခါ ပန်းကန်ဆေးရသည် ။ သူ့အဖို့ ဤအလုပ်မှာ နေ့စဉ်အချိန်မှန် အလုပ်ဖြစ်သည် ။

သို့ရာတွင် ဦးသာအေး၏ ပွဲဝိုင်းမှာ တစ်နေ့လျှင် ဧည့်သည် အစိတ်သုံးဆယ်လောက် ကျွေးနေရကာ မနက်မီးညမီး မပြတ်လှချေ။ ဘတုတ်နှင့် ဒေါ်အုံးဆင့်မှာ မနက်စာချက်ပြုတ်ပြီးလျှင် ညစာအတွက် ချက်ပြုတ်ရသည် ။ ထွေးညိုအဖို့ မှာ လည်း မနက်စာစားပြီးလျှင် ညနေစာ အတွက် ပြင်ရသည် ။ ညနေ သုံးနာရီကစ၍ ထမင်းကျွေးရသည် မှာ ညရှစ်နာရီလောက်ထိ ဖြစ်သည် ။

ဧည့်သည် ပေါင်းမှာ လည်း စုံလင်လှသည် ။ တောက လှည်းသိုက်ကျလာသဖြင့် တောဧည့်သည် များ ၊ အနီးအနားမှ ပတ်ဝန်းကျင်မြို့များမှ လာသည့် ဧည့်သည် များ ၊ ရန်ကုန်မှ လာသည့် တရုတ်ကုန်သည် များဖြင့် ရှုပ်ယှက်ခတ်နေသည် ။ အချို့က ညဉ့်နက်မှ ပြန်လာလျှင် ၎င်းတို့ ဖို့ကို လည်း ချူးခပ်ကျွေးရသေးသည် ။

ညဉ့်နက်အိပ်ရာဝင်လျှင် ပွဲကတော်က အခန်းထဲခေါ်၍ အနှိပ်ခံ အနင်းခံလိုက်သေးသည် ။ တစ်ခါတလေ အောက်က အိပ်ပျော်နေလျှင် တစ်

ရေးနိုး လာသည် ထိ နင်းနေရပြီး ပွဲကတော်နိုးလာမှ ကိုယ့်နေရာကိုယ် ပြန်ပြီး အိပ်ရသည် ။

သို့သော် ထွေးညိုဖို့ ပွဲကတော်က ပန်းပွင့်ရိုက် ပဒုမ္မာစနှင့် သရက်ထည်လုံချည်ကို ဆင်ပေးထားသည် ။ တစ်လလျှင် အသပြာ ဆယ့် ငါးကျပ် ပေးသဖြင့် သုံးလေးလအကြာတွင် ရသမျှငွေကလေးကို အိမ်သို့ ပို့ လိုက်လေသည် ။

တစ်ခါတစ်ရံ တရုတ်ကုန်သည် တွေက ထွေးညိုကို ရိသဲ့သဲ့ လုပ်သည့် အခါလည်း တွေ့ရသေး၏။ တစ်ခါတွင် တရုတ်တစ်ဦးက မူးမူး နှင့် လက်ကိုဆွဲသဖြင့် ပွဲကတော်ကို ငို၍ တိုင်မိသည် ။

'ဟဲ့ ကောင်မရဲ့ လက်ကလေး ဆွဲတာလောက်များ ဒါလောက် ဖြစ်နေရသလား။ ယောကျ်ားဧည့်သည် တွေ ပြောက်သောက်နဲ့ ၊ တစ်ခါ တစ်ရံဖြစ်တာပဲ၊ ငိုကြီးချက်မနဲ့ ဖြစ်နေလိုက်တာ' ဟု အတွင်းကျိတ်မာန် မဲကာ ပေါင်တွင်းကြော လိမ်ဆွဲခံရသည့် နောက်တွင် ထွေးညိုအဖို့ သည်လို အပရိကများမှာ ရိုးသလောက်ဖြစ်ခဲ့ရသည် ။

'ဟဲ့ ထွေးညို ညည်းဟာက ထန်းတောထဲ နေသလိုမနေနဲ့ ၊ ပြောတန်ပြော ဒိုးဒိုးဒေါက်ဒေါက်နဲ့ ဆိုတန်ဆိုလိုက်ရတယ်။ ခုတော့ ညည်း ဟာက မလှုပ်တလှုပ်နဲ့ ' ဟု ဒေါ်အုံးဆင့်က ထွေးညိုကို မီးဖိုထဲ တိုးတိုး တိတ်တိတ်သွန်သင်တတ်သည် ။

လပေါင်းအတော်ကြာမှ ထွေးညိုသည် မြို့နှင့် သဟဇာတ တည့် လာသည် ။ သူတို့ အပြော၊ အဆို၊ အမူအရာတွေကို ခုမှ တွေ့ရှိလာ သည် ။ အစတုန်းက ပြောင်းဖူးမွေးလို နီကြောင်ကြောင်ဖြစ်နေသည့် ထွေး ညို၏ ဆံပင်တို့ သည် ယခု နက်မှောင်မှောင်ဖြစ်လာသည် ။ ထွေးညို၏ နေလောင်ထားသည့် အသားသည် စိုစိုပြည်ပြည် ဖြစ်လာသည် ။ နဂိုရ်က

ကိုယ်လုံးကျစ်ကျစ်တွင် အသားအရေဆောင်လာပြန်သဖြင့် ထွေးညိုကို ကြည့်ရသည် မှာ တောမူပျောက်၍ မြို့မူရောက်နေလေပြီ။

မြို့မူ ရောက်ရုံမျှမက ထွေးညိုသည် ယခုအချိန်တွင် ရန်ကုန်မှ လာသည့် ဟုတ်စိမ်း၏ ရည်းစားပင် ဖြစ်နေပေပြီ။ ဟုတ်စိမ်းကို ထွေး ညိုသည် နှလုံးသည်းပွတ်ထဲမှ ထွက်လာသည့် အချစ် ဖြစ်မိခဲ့သည် ။

ဟုတ်စိမ်းသည် အသားဖြူဖြူ မျက်လုံးကျယ်ကျယ်နှင့် ဘိုကေ ထိပ်တွင် အမောက်ကလေး ထောင်ထားသည့် တရုတ်ချောကလေးဖြစ် သည် ။ သူ၏ နှာတံမှာ ဒီပြင်တရုတ်တွေကို ပြား၍ ပိနေသည့် နှာတံ မဟုတ်။ သွယ်တန်း၍ ပေါ်လွင်သည့် နှာတံဖြစ်သည် ။ စကားပြောလျှင် ရွှေသွားလေး ပေါ်အောင်ပြုံးကာ မြန်မာစကားကို ပွတ်နေအောင် မြန်မာ သံနှင့် ပြောတတ်သည် ။ သူ့လည်ပင်းတွင် ဆွဲကြိုးဆွဲထားသည် ကိုလည်း တွေ့မြင်ရသည် ။

တစ်ခါက ဟုတ်စိမ်းပင် ထွေးညိုလက်ကို ဆွဲ၍ ထွေးညိုက ပွဲကတော်ကို တိုင်တန်းခဲ့သေးသည် ။ ထွေးညိုဖို့ တိုပရက်ကိုးလုံချည် နှစ်ထည်နှင့် ဂျပန်နိုင်လွန်နှစ်ထည် ပါလာသည် ။

'ရော့ နင့်ဖို့ ' ဟု ဆိုကာ ဟုတ်စိမ်းက ညစာ ထမင်းစားအပြီး လူတွေအလစ်တွင် ထွေးညိုကို ပေးသည် ။

'ဘာတွေလဲ'

'ဖွင့်ကြည့်လေ'

'ကြည့်ချင်ပေါင်၊ ဘာမှန်းမသိ ညာမှန်းမသိနဲ့ '

' အင်္ကျီနဲ့ လုံချည်ပါဟ၊ ဂရုတစိုက် ယူလာရပြီးတော့'

'တော့ ဘယ်သူက မှာ လို့ လဲ'

'မှာ မှ လားဟာ၊ ငါက စေတနာရှိလို့ ဝယ်ပေးတာပဲ၊ နင့်ကို မြင်မြင်ချင်း သနားလို့ ပါ' ဟု ဟုတ်စိမ်းက စလုံးရေ စ လုပ်လေသည် ။

'မမ သိရင် ဆူနေပါလိမ့်မယ်တော်၊ ယူချင်ပါဘူး' ဟု ထွေးညို က ကိုယ့်ပန်းကန်တွေ ကိုယ်သိမ်းရင်း စိတ်ထဲက တကယ်ကြောက် ကြောက်ရှိသည် နှင့် ဖွင့်ပြောလိုက်သည် ။

'ယူပါ၊ ဘယ်သူမှ မသိပါဘူး၊ ရော့ပါ' ဟု ထွေးညိုလက်ထဲ သို့ ထည့်ပေးသည် ။

ထွေးညိုသည် တောက်ပြောင်သော ဂျပန်နိုင်လွန်နှင့် တိုဘရက် ကိုးလုံးချည်အပြာနှင့် အသားစိမ်းလေးကို မြင်လိုက်သည့် အခါတွင် နဂိုက ကြောက်လန့်သည့် စိတ်ကလေးမှာ ပျောက်သွားသည် ။

ဒီတစ်ခါတော့ ထွေးညို လက်ခံလိုက်မိသည် ။

နောက်တစ်ခါ...

ဟုတ်စိမ်း ရန်ကုန်က အလာကို ထွေးညိုသည် စောင့်နေမိသည် ။ ဟုတ်စိမ်းကို စွဲလမ်းသည့် စိတ်မှာ ဘာစိတ်ရယ်လို့ တော့ ထွေးညို မပြောတတ်။ သို့သော် အဖေတို့ အမေတို့ နှင့် ထန်းတောကို လွမ်းသည့် စိတ်မျိုး မဟုတ်ကြောင်းကိုတော့ ထွေးညို ကောင်းကောင်း သိလေသည် ။ ဟုတ် စိမ်း ရန်ကုန်က လာတော့မှ ထွေးညိုသည် အားတက်လာသည် ။

'ကိုဟုတ်စိမ်း'

'ဘာလဲဟ'

'ကျုပ်မှာ လေ၊ ဟို ဟို ကျန်းကျန်းမာမာ မဟုတ်တော့ဘူး'

'ဘာလဲဟ၊ ဘာဖြစ်တာလဲ'

'ဟိုဟာကို ပြောတာ' ဟု ထွေးညိုက ညလူအလစ် ချိန်းအတွေ့ တွင် ဟုတ်စိမ်းအား တိုးတိုးတိတ်တိတ် ပြောရသည် ။

'ဟုတ်လား၊ ဟာ ကောင်းတယ်ဟေ့၊ ငါလည်း ကလေးလိုချင် နေတာ 'ဟု ဟုတ်စိမ်းက ရွှေသွားပေါ်အောင် သွားကိုဖြီး၍ ထွေးညိုကို ဖက်၍ နမ်း လိုက်လေသည် ။

'အဲဒါ ဘယ့်နှယ့်လုပ်မတုံး'

ဟုတ်စိမ်းသည် ပွဲရုံရှေ့ရှိ ကွက်လပ်ကို ငေးကြည့်နေလေသည် ။ ပွဲရုံ ဝိုင်းထဲတွင် ကား တောမှ ထန်းလျက်၊ မန်ကျည်း၊ ပဲ စသည့် ကုန်များ လာချသည့် လှည်းများ သည် အစုလိုက်အစုလိုက် စခန်းချနေကြ၏။ သူတို့ လှည်းစုဆီမှ စကားပြောသံ၊ ချောင်းဟန့်သံတို့ ကို ကြားရသည် ။ တစ်ချက်တစ်ချက်တွင် ရဲခနဲ ရဲခနဲနေအောင် ဖွာလိုက်သည့် ဆေးလိပ် မီးကို မြင်လိုက်ရလေသည် ။

'ဒီလိုလုပ်ဟာ ဒီလိုလုပ်၊ နေပါဦး၊ နင့်ဟာက ဘယ်နှလရှိပြီ လဲ'

'သုံးလရှိပြီတော့' ဟု ထွေးညိုက တောင်းပန်တိုးလျှိုးသည့် မျက်နှာဖြင့် မော့ကြည့်ရင်းပြော၏။

'ငါ ခုတစ်ခေါက် ပြန်သွားဦးမယ်၊ ရန်ကုန်မှာ ငါ့ကုန်ဖိုးတွေကို ပွဲရုံနဲ့ ရှင်းပြီးရင် ငါပြန်ခဲ့မယ်၊ ဟုတ်လား'

'ပြန်လာတော့ ဘယ်လိုလုပ်မှာ တုံး၊ ပြီးတော့ တော် ရန်ကုန် မှာ ဘယ်လောက်ကြာဦးမယ်မှန်း မသိ ဘာမသိနဲ့ '

'ပြန်လာတော့ နင့်ကိုငါ ပွဲကတော်တို့ ဆီမှာ တောင်းရမ်းယူမှာ ပေါ့ဟ။ ပြီးတော့ ငါလည်း ရန်ကုန်မှာ အလွန်ဆုံးကြာရင် အသွားအပြန် တ

င်ပေါ့'

'ဒါဖြင့် တော်ပြန်လာရင် တောင်းရမ်းယူမှာ ပေါ့၊ ဟုတ်လား' ဟု ထွေးညိုက မယုံကြည်နိုင်သဖြင့် မေးမိသည် ။

'ဒါပေါ့ဟ ပွဲကတော်ဆီမှာ တောင်းရမ်းပြီး၊ ဒီမှာ ကုန်စုံဆိုင်လေး ဘာလေး ဖွင့်နေမယ်'

'တကယ်ပြောတာနော်'

'ဩော် နင်ကလည်း ၊ ငါ့ကိုတောင် မယုံနိုင်ပြန်ဘူးလား'

'သိဘူးလေ၊ ကိုယ်တို့ မြို့သားတွေ' ဟု ထွေးညိုက ရင်ထဲတွင် တက်လာသည့် ပီတိသံကလေးဖြင့် ပြောလိုက်မိသည် ။

ထွေးညိုသည် တကယ်ပင် ယုံမိလေသည် ။ နဂိုက တောသူ ခပ်ရိုးရိုး အအဖြစ်ပြန်၊ ဟုတ်စိမ်းကလည်း တကယ်ယုံကြည်လောက် အောင် ပြောပြန်သဖြင့် ထွေးညိုသည် ဝမ်းသာလွန်း၍ တလှိုက်လှိုက် ဖြစ်လာကာ ဟုတ်စိမ်း၏ ပါးပြင်ကို နမ်းလေသည် ။

ထွေးညိုသည် သူ၏ မမြင်နိုင်သော အနာဂတ်လောကကို တည်ဆောက်မိလေပြီ။ သူ၏ အနာဂတ်လောကမှာ ယခုလို အတိုင်းသာ ဆိုလျှင် ပျော်စရာအတိ ဖြစ်၏။ ဟုတ်စိမ်းမှာ ချမ်းသာသည့် ကုန်သည် ကြီး တစ်ယောက် မဟုတ်၊ ပွဲရုံတစ်ရုံမှ အညာနှင့် အောက်ကို သွားချည်ပြန်ချည် ကူးနေသည့် ပွဲရုံစာရေးမျှသာ ဖြစ်၏။ သို့သော် ဟုတ်စိမ်းမှာ ကြံရည် ဖန်ရည် ရှိသည် ။ ငွေရင်းမရှိလျှင် အရေးမကြီး။ ပွဲကတော်တို့ မှာ သူနှင့် အကြောင်းအပေါင်း သင့်သည် ။

ဟုတ်စိမ်းနှင့် နေရလျှင် အမေတို့ အတွက်လည်း တာဝန်ပေါ့မည်။ ကိုယ်က သူတို့ ကို မထောက်ပံ့နိုင်သည် ထားဦး ကိုယ့်မှာ အားကိုးစရာ

ရှိပြီ။ ထန်းတောထဲ နေရသည် မှာ တစ်ဆွေလုံး တစ်မျိုးလုံးဖြစ်သဖြင့် သူတစ်ယောက်သာ ပေါက်ပေါက်ရောက်ရောက် မြို့မှာ နေနိုင်သည့် အတွက် ဝမ်းသာရသည် ။

ဟုတ်စိမ်းနှင့် လက်ထပ်ပြီးလျှင် အမေတို့ ထံ ဆွေပြမျိုးပြသွား မည်။ ဟုတ်စိမ်းမှာ သဘောကောင်းသည် ။ သူ့မျက်နှာမှာ အစဉ်ပြုံးလျက် ရှိသည် ။ အမေတို့ ကလည်း ဟုတ်စိမ်းကို သဘောကျမည်ဟု တွက်ထား မိလေသည် ။

ထွေးညိုသည် သူ့တွက်ကိန်းနှင့် သူ ကျေနပ်ပြီး ဟုတ်စိမ်းကို မော်ကြည့်လိုက်သောအခါတွင် မူ သူ့ကို ငုံ့ကြည့်နေသည့် ဟုတ်စိမ်း၏ ပြုံးသော မျက်နှာကို မြင်ရလေသည် ။

တစ်လသာ ကြာမည်ဟု ပြောခဲ့သော ဟုတ်စိမ်းသည် ယခုမူ မပေါ် လာတော့ပေ။ တစ်လမျှပင်မက ဟုတ်စိမ်းမပေါ်လာသည် မှာ နှစ်လ ပင် ကြာခဲ့ပြီ ဖြစ်၏။ ရန်ကုန်မှ တရုတ်ကုန်သည် တွေ ရောက်လျှင် ဟုတ်စိမ်း ပါလာလိမ့်နိုးနှင့် ထင်ခဲ့မိသည် ။ နှစ်လအတွင်း ရန်ကုန်မှ တရုတ်ကုန်သည် များ တချို့မှာ သုံးခေါက်ပင် ပြန်လာကြပြီ။ ဟုတ်စိမ်း၏ အရိပ် အယောင် ကိုမှ မမြင်ရတော့ပြီ။

ထွေးညိုသည် ဘယ်သူ့ကိုမျှ အပြစ်မတင်နိုင်သည့် အဆုံးတွင် ယုံစားမိသည့် ကိုယ့်ကိုသာ အပြစ်တင်ရလေသည် ။ အစတုန်းကတော့ ဟုတ်စိမ်း၏ မျက်နှာမှာ ရိုးသားပုံပေါက်ကာ ဖော်ဖော်ရွေရွေ ရှိလှသဖြင့် ထွေးညိုသည် ဟုတ်စိမ်းကို အယုံကြီး ယုံခဲ့မိ၏။

ယခုတော့ ဟုတ်စိမ်းအပေါ်တွင် အယုံကြီးယုံခဲ့သမျှတို့ မှာ သဲထဲ ရေသွန်သည့် ပမာ၊ အလဟဿ ဖြစ်ခဲ့ရလေသည် ။ ဟုတ်စိမ်းသည် အစာဝမှ ဌာနသို့ မြန်းသွားသော ငှက်ငယ်ကလေး ဖြစ်၏။ ပြန်၍ မလာတော့မှ

န်း သိရက်နှင့် ပင် ထွေးညို၏ စိတ်ထဲတွင် 'ကိုဟုတ်စိမ်း အလုပ်များ နေလို့ ပြန်မလာတာလား' ဟူ၍ လည်း သက်သာလို သက်သာငြား တွေးကြည့်မိ ၏။ ဒါပေမဲ့ ထိုအတွေးများ သည် ခဏတာသာ သက်သာရာရစေသော် လည်း အရှည်သဖြင့်တော့ ထွေးညို၏ ပူပန်သောက စိတ်တို့ သည် ရင်ထဲ၌ ဗလောင်ဆူလာပြန်၏။ နေ့လယ်ခင်းတွင် မူ ထွေးညိုသည် ပွဲရုံမှ တောက်တိုမည်ရ အလုပ်ကလေးများကို မပြတ်လုပ်ကိုင်နေရသဖြင့် ဟုတ်စိမ်းပေးရစ်ခဲ့သော ဗိုက်ထဲမှ အမွေအတွက် တွေးတောငေးမောနေချိန် သိပ်မရသော်လည်း ညတိုင် အိပ်ရာဝင်ပြီဆိုမှ ဖြင့် ကျိတ်ကာကျိတ်ကာ ရှိုက်၍ ရှိုက်၍ ငိုရလေသည် ။ အသံထွက်အောင်လည်း မငိုရဲ။ ကိုယ်ဝန် ဖျက်ချရကောင်းမလား။ သို့တည်းမဟုတ် မိမိအရှက်ကို အသက်နှင့် လဲ လိုက်ရကောင်းမလားဟု အမြဲစဉ်းစားမိ၏။ ကိုယ့်ကိုယ်ကိုယ်သတ်သေ ရမှာ လည်း အဖန်ငါးရာငါးကမ္ဘာ ဝဋ်လိုက်တတ်သည် ဟု ကြားဖူးသဖြင့် ထွေးညိုက ကြောက်မိလေသည် ။

ဘာလုပ်ရမည်ကို စဉ်းစားရင်း စဉ်းစားရင်းပင် ပြဿနာသည် ရှုပ်ထွေးလာကာ နောက်ဆုံး၌ မျက်လုံးအိမ်မှ မျက်ရည်များကို သွန်ချပြီး မောပန်းစွာ အိပ်ပျော်သွားခြင်းသာလျှင် ရှုပ်ထွေးလာသော ပြဿနာကို ခေတ္တဖြေရှင်း နိုင်ခဲ့လေသည် ။ ကိုယ်ဝန်ကလည်း တဖြည်းဖြည်း ရင့်သထက် ရင့်မာလာ၏။ ကိုယ်လက်များ လည်း လေးလံလာ၏။ ခဏခဏ ပျို့အန်သည် ။ ထွေးညိုသည် နောက်ဆုံးတော့ ကြံရာမရဖြစ်ကာ ဒေါ် အုံးဆင့်အား ဖွင့်ဟပြောရလေသည် ။

'ဒေါ်အုံးဆင့်ရယ်၊ ကျွန်မကို ကယ်ပါဦး'

'ခက်တာ ထွေးညိုရယ်၊ ငါလည်း ညီးအတွက် ခေါင်းမီးလောင် နေပါပြီအေ' ဒေါ်အုံးဆင့်က ထွေးညိုအတွက် စိတ်ညစ်နေမိ၏။

'ညည်းကိုယ်ဝန်ဟာ ရင့်နေပြီအေ့၊ ဖျက်ချလို့ မရတော့ဘူး၊ ဖျက်ချရင် လူကို ဒုက္ခပေးမှာ ပဲ'

ထွေးညိုသည် ဒေါ်အုံးဆင့်၏ ပခုံးပေါ်သို့ မျက်နှာအပ်ကာ ငိုကြွေးမိရှာလေသည် ။ ရင်ထဲ၌ လည်း အလုံးများ ဆို့တက်လာသလား အောက်မေ့ရ၏။ ရှက်လည်း ရှက်လှသည် ။

'ကျွန်မ ဘယ်လိုလုပ်ရမလဲဟင်၊ ကျွန်မ ဘယ်လိုလုပ်ရပါ့မလဲ' ထွေးညိုက ကြံရာမရတိုင်း ဒေါ်အုံးဆင့်ကိုသာ တတွတ်တွတ်မေးမိ၏။'တိတ်ပါ ထွေးညိုရယ်၊ လွန်ပြီးတဲ့ အမှုကို ဘယ်လိုမှ လုပ်လို့ မရတော့ပါဘူး။ ညည်းအတွက် စဉ်းစားပါဦးမယ်'

ဒေါ်အုံးဆင့်က အားပေးမှ ပင် ထွေးညိုက အငိုရပ်မိတော့လေ သည် ။ ထွေးညိုသည် ရွာကို လှမ်း၍ မြင်ရ၏။

ရင်တိုင်းတောင်ကျချောင်းမှ သဲဖြူလွလွကလေးများ သည် ဆူးရစ်ချုံများ အကြားမှ ထွေးညိုကို ချောင်းကြည့်နေသည် ဟု ထင်ရလေသည် ။ အညာလေသည် အညာထန်းတော၊ အညာယာများကို ဖြတ်သန်း၍ ရွာသို့ပြန်လာသော ထွေးညိုကို ဆီး၍ ကြို၏။ သည် လမ်း၊ သည် နေရာ တစ်ဝိုက်တွင် ထွေးညို၏ တေးသံမှာ ပျံ့လွင့်ခဲ့ဖူးသော်လည်း မြို့မှ ပြန် လာသောအခါ သည် နေရာများ တွင် ထွေးညိုက မျက်ရည်စက်များ ချခဲ့ ရ၏။ ထွေးညိုမှာ အားလုံးလိုလို ပြောင်းလဲနေသည် ။ သူ့ကို လိုချင်ပါ သည် ဟု မြို့သို့ခေါ်သွားသော ဦးသာအေးတို့ က နှင်ချလိုက်၏။ သူ့ကို ချစ်ပါသည် ဟု ဆိုသော ဟုတ်စိမ်းလည်း သူ့ကို ပစ်ခွာသွား၏။ ရွာမှ ထွက်သွားစဉ်က အပျိုစင်လေး ထွေးညိုသည် ရွာသို့အပြန်တွင် အဖေ မပါသော ကိုယ်ဝန်ကို သယ်လာရ၏။ ထွေးညိုမှာ အားလုံးလိုလို ပြောင်းလဲခဲ့ရ၏။ သည် ဟာတွေအားလုံးမှာ ထွေးညို၏ အကျင့်စာရိတ္တ မကောင်း

မှုကြောင့် ဟု သတ်မှတ်ထိုက်ပါသလား။ ထွေးညိုမှာ လူတစ်ဦး တစ်ယောက်အပေါ်တွင် မချစ်ရတော့ဘူးလား။ အဆီကို စား၍ အသားကို ဝါးမျိုတတ်သော မြို့ကြီးသားကိုလူလယ်၏ အကျင့်စာရတ္တိကောင်းမှု အစုစုတွေကို တောသူမကလေး ထွေးညို၊ ရိုးသား၍ မြို့ကြီးသား၏ အချစ်ကို ယုံစားမိတတ်သော ထွေးညိုက မျက်ရည်ဥများ ၊ ရှိုက်သံများ နှင့် ခံယူခဲ့ရသည့် အဖြစ်မှ လွဲ၍ တခြားတော့ မမြင်။ 'အမေတို့ ကို ဘယ်လို မျက်နှာပြရပ့ါမလဲ' ဒါကို တွေးမိတိုင်း ထွေးညိုသည် ရောက်ရာပေါက်ရာသို့ ထွက်၍ ပြေးချင်မိ၏။ သို့သော် မဖြစ်။ ကလေးက ရှိသေးသည် ။ မမွေးဖွားလာရသေးသော ကလေးက ဗိုက်ထဲမှာ ရှိသေး၏။ ထွေးညို သည် ကိုယ့်သွေးက ဖြစ်လာမည့် ကလေးဆိုတော့ ချစ်သေးသည် ။

'ညည်း မြို့က ပြန်လာရင် တစ်သွေးတစ်မွေး ဖြစ်လာမှာ အေ့' ဟူသော သူငယ်ချင်းတစ်သိုက်၏ စကားကိုလည်း ထွေးညိုကြားယောင်လာကာ ငိုချင်လာမိ၏။ ဟုတ်တော့လည်း ဟုတ်ပေသည် ။ မြို့တွင် နေစဉ် က တစ်သွေးတိုးကာ လုခဲ့၏။ ဟုတ်စိမ်းက ထိုသွေးကို ဝါးမျိုစားသောက် ခဲ့၍ ယခုတော့ တမွေး မွေးရန်ဖြစ်လာရ၏။

'ရက်စက်လိုက်တာ ကိုဟုတ်စိမ်းရယ်' ထွေးညိုသည် ဟုတ်စိမ်း အပေါ်၌ နာကြည်းစွာ ဒေါသဖြစ်မိသည် ။ တစ်ခါတစ်ခါတော့လည်း ကလေးအဖေ ပြရန် ဟုတ်စိမ်းကို တောင့်တမိ၏။

ရင်းတိုင်းတောင်ကျချောင်းတွင် နေညိုအောင်စောင့်နေသော ထွေးညိုသည် နေလုံးဝင်ခဲ့သဖြင့် ရွာဘက်သို့ ထွက်လာ၏။ လူသူလေး ပါးမြင်မည်စိုး၍ ထွေးညို၏ မျက်လုံးအစုံမှာ ကျီးကန်းတောင်းမှောက် ဖြစ်နေသည် ။ မီးခွက်မှိန်မှိန်ကလေးများကို ညအမှောင်လုစအချိန်ဝယ် မားမားမတ်မတ် ရပ်နေသော ထန်းတောအကြားမှ မြင်ရ၏။ ရွာနားနီးလာ

လေလေ၊ ထွေးညို့က ငိုမိလေလေ ဖြစ်၏။ မျက်ရည်များ ဖြင့် မျက်နှာမှ စို့ရွှဲနေ၏။

ထွေးညို တဲဝသို့ ရောက်သောအခါ မြူအိုးကောက်မှ ပြန်လာ၍ မောမောပန်းပန်းနှင့် ဆေးလိပ်ဖွာနေသော အမေ့ကို တွေ့ရလေသည် ။ အဖေကတော့ ပင်ကျရည်မော့နေပေမည်။

'အမေ'

ထွေးညိုသည် ဆို့နင့်တစ်ဆို့နေသော လည်ချောင်းမှ အားတင်း ကာ အမေ့ကို အသံပြုလိုက်၏။

'ဟဲ့ ဘယ်သူလဲ'

'ထွေးညိုပါ အမေရဲ့ '

'ဟဲ့ ထွေးညို' အမေသည် ထ၍ ထွေးညိုကို ဆီးကြိုသော အခါ ထွေးညိုသည် ပြေး၍ အမေ့ရင်ခွင်ထဲ၌ အားပါးတရ ငိုကြွေးလိုက် ရှာလေသတည်း။

ထန်းယဉ်နင်း

ပေါက်ကင်းတဲ့ လဲငုံ

ရော်ရွက်ဝါတမာနု

လွမ်းသူ့ပူပုံ။ ။

(ဗမာအမျိုးသမီး။ ။ အမှတ် ၄ ၊ ၁၉၅၃)

* * *